MYANMAR CYBER
community for all

တရားချစ်ခင်သူတော်စင်များအတွက် *heart-khay* ၏ ဓမ္မဒါန

## MCM PDF TEAM

**TYPING -** *heart-khay*

**PROOF -** ညီစေမင်း

**DESIGN -** ကိုလေးအောင်




စာဖတ်ပရိတ်သတ်များအား အစဉ်လေးစားလျက် .....

MCM PDF
www.mmcybermedia.com
January - 2011

# ကျေးဇူးရှင် တန့်ကြည့်တောင်ရန်အောင်ချမ်းသာဆရာတော်




## ဘဒ္ဒန္တ သောမဗုဒ္ဓိ အရှင်သူမြတ်

**ဟောကြားတော်မူအပ်သော**

**" စိတ် " တရားတော်**

စုစည်းပူဇော်သူ - အရှင်ကုန္ဒက(ဓမ္မစရိယ)

မာတိကာ


စဉ် အကြောင်းအရာ
၁။ တစ်လောကလုံးကို ဆွဲဆောင်သောအရာ
၂။ စိတ်စေစားရာ ရှန်းမဖယ်သာ
၃။ စိတ်ညစ်မဲလျှင် ဆင်းရဲဝင်မည်
၄။ မြန်လွန်းသည့်အတွက် ဆုံးမခက်၏
၅။ ယဉ်ကျေးအောင် ဘယ်လိုဆုံးမရမလဲ
၆။ စိတ်ကလေးပေါ်ရာ မလွှတ်တမ်းမှတ်ပါ
၇။ စိတ်ကိုသိချင် သတိယှဉ်
၈။ စိတ်အညစ်အကြေး အထွေထွေ
၉။ ဤသို့ ဤနယ် စိတ်စင်ကြယ်သော်
၁၀။ စကားမပြောတရားမဟော ဇီးပင်တောရကိုယ်တော်လေး
၁၁။ ရုတ်တရက်ပဲ နှုတ်ဆက်ခွဲခွါ
၁၂။ တရားအားထုတ်ချင်ရင် ဇီးပင်တောရ သွား
၁၃။ တစ္ဆေ သရဲ ကြောက်တတ်သလား

၁၄။ အထက်ဆရာကြီး အမိန့်ချလို့တဲ့
၁၅။ မင်းနဲ့ငါက မိတ်ဆွေတွေ
၁၆။ ကိုယ်ခံပညာ ရှိပုံကျတယ်
၁၇။ ဂုဏ်တော်(အနလုံ)ရွတ်ပွားပုံ
၁၈။ ဂုဏ်တော်(ပဋ္ဌိလုံ)ရွတ်ပွားပုံ
၁၉။ ဂုဏ်တော် သံကွင်းဆက်ပွားပုံ
၂၀။ ရဟန်းရှင်ဘူ ကြည်ဖြူလွန်ကဲ
၂၁။ မြန်လွန်းသည့်တွက် ဆုံးမခက်၏

## နမော တဿဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## " စိတ် " တရားတော်

သာသနာတော် သက္ကရာဇ် ၂၅၄၇-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၅-ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀-ရက်နေ့ည (၇) နာရီတိတိအချိန်၊ ဧရာဝတီတိုင်း၊ ဖျာပုံမြို့၊ ငြိမ်းအေးချမ်းသာ ရိပ်သာ ဤမှော်ရုံ ဓမ္မသဘင်ဝယ် သတိပဋ္ဌာန် တရားတော်မြတ်ကို ခုနှစ်ရက် အဓိဋ္ဌာန်ဝင်၍ အားထုတ်ကြကုန်သော သတိပဋ္ဌာန် ခုနှစ်ရက်အဓိဋ္ဌာန်ဝင် ယောဂီအပေါင်းအား ဟောကြားအပ်သော-

"စိတ်"တရားတော်။

♦♦♦♦♦♦♦♦♦♦♦♦♦♦♦♦♦♦♦♦♦♦♦♦♦♦♦♦♦

ဘာတရားတော် တဲ့။

"စိတ်" တရားတော်ပါ ဘုရား။

'စိတ်'တဲ့။ တစ်လုံးတည်းရယ်။ ဒီတရားတော်ရဲ့ နာမည်က မှတ်လို့ လွယ်လိုက်တာနော်....

"မှန်ပါဘုရား"

'စိတ်' ။ စိတ္တသဒ္ဒါက လာတဲ့ စိတ်။ အာရုံကို သိခြင်းသဘောတရား ရှိတယ် တဲ့။ စိတ်က အာရုံကို သိတယ်။ အဆင်း အသံ အနံ့ အရသာ အတွေ့အထိဆိုတဲ့ အာရုံတွေပေါ်မှာ သိတဲ့သဘော။ အာရမ္မဏ ဝိဇာနန လက္ခဏာ တဲ့။ စိတ်။

ယောဂီတို့။

"အရှင်ဘုရား"

ယောဂီတို့ အခု သင်တန်း တက်နေတာ။ သတိပဋ္ဌာန် တရားတော်မြတ် ခုနစ်ရက် အဓိဋ္ဌာန်ဝင်ပြီးတော့ အားထုတ်နေတာဟာ စိတ်သန့်ရှင်းအောင်၊ စိတ်ကြည်လင်အောင်၊ စိတ်အညစ်အကြေး ကင်းအောင် လေ့ကျင့်နေတာ ယောဂီတို့။

" မှန်လှပါ ဘုရား "

## ၁။တစ်လောကလုံးကို ဆွဲဆောင်သောအရာ

စိတ္တေန နီယတိ လောကော၊ စိတ္တေန ပရိကဿတိ။
စိတ္တဿ ဧကဓမ္မဿ၊ သဗ္ဗေဝ ဝသ မန္ဝဂူ။

လောကော- လောကဆိုတဲ့ လူအပေါင်းကို (ဝါ) လူအပေါင်းဆိုတဲ့ လောကကို။ စိတ္တေန- စိတ်သည်။ စိတ္တေန- စိတ်က။ နီယတိ- ဆောင်အပ်ပါပေ၏။ စိတ္တေန-စိတ်သည်။ စိတ္တေန-စိတ်က။ ပရိကဿတိ-ဆွဲငင်အပ်ပါပေ၏။

လောကဆိုတဲ့ လူပေါင်း။ လူအပေါင်းဆိုတဲ့ လောက။ အဲဒီလူ အပေါင်းဆိုတဲ့ လောကကို (ဝါ) လောကဆိုတဲ့ လူအပေါင်းကို။ စိတ်ကလေးတစ်ခု၏ ဆွဲဆောင်ရာ နောက်သို့ တကောက်ကောက် ပါနေတယ်တဲ့။ စိတ်ကလေး တစ်ခု၏ ခေါ်ဆောင်ရာ နောက်သို့ တကောက်ကောက် ပါနေတယ်။ စိတ်ကလေး တစ်ခု၏ ဆွဲငင်ရာ နောက်သို့ တကောက်ကောက် ပါနေတယ်တဲ့။ စိတ်က ဆောင်နေတယ်။ ကောင်းသော စိတ်ကလေးက ခေါ်သွားရင် ကောင်းသော အကြံအစည် တွေဖြစ်ပြီးတော့ ကောင်းကျိုးတွေရ။ မကောင်း သောစိတ်ကလေးက ဆွဲငင်သွားရင် မကောင်းသော စိတ်တွေ အဖန်ဖန် ဖြစ်ပြီးတော့ မကောင်းတဲ့ကံတွေ ပြုပြီးတော့ မကောင်းတဲ့ကံတွေ ပြုပြီးတော့ မကောင်းကျိုးတွေ ခံစားရတယ်။

ယောဂီတို့။

"အရှင်ဘုရား"

ဒီရိပ်သာ ဒီဌာနသို့ ယောဂီတို့ ဒီနေရာရောက်အောင် ဘယ်သူက ခေါ်လာတာလဲ။

"စိတ်က ခေါ်လာတာပါ ဘုရား"

စိတ်က တန့်ကြည့်တောင် ဆရာတော် နာမကျန်းဖြစ်နေရာမှ နေကောင်းလာပြီ။ ကောင်းကောင်း တရားဟောနိုင်ပြီ တဲ့။ ကောင်းကောင်းတရားပြနိုင်ပြီ တဲ့။ ဒို့သွားပြီးတော့ အဓိဋ္ဌာန်ဝင်မယ်။ ဒို့ သွားပြီးတော့ အဆုံးအမ ခံမယ်။ အဲဒီစိတ်က ယောဂီတို့ ခန္ဓာအိမ်ကြီးကို ခေါ်မလာဘူးလား။

"ခေါ်လာပါသည် ဘုရား"

စိတ္တေသ ကေဝမ္ပသ၊ သဗ္ဗေဝ ဝသ မန္ဒဂူ။

စိတ္တေသ ကေဝမ္ပသ- စိတ်ကလေး တစ်ခု၏။ ဝသံ- အလိုသို့။ စိတ္တေသ ကေဝမ္ပသ ဝသံ- စိတ်ကလေး တစ်ခု၏ အလိုသို့။ သဗ္ဗေဝ- သတ္တဝါ အားလုံးတို့သည်ပင်လျှင်။ အန္ဒဂူ- မည်သူမျှ မငြင်းဆန်နိုင်ကြပဲ ကိုယ်စီကိုယ်ငှ လိုက်ပါ၍ နေကြရလေကုန်တော့သတည်း။
( သာဓု သာဓု သာဓုပါ အရှင်ဘုရား )

သတ္တဝါတွေ အားလုံးဟာ စိတ်ကလေးတစ်ခုရဲ့ အလိုသို့ ဘယ်သူများ ငြင်းဆန်နိုင်ကြတုံး။

"မငြင်းဆန်နိုင်ကြပါ ဘုရား"

ဘယ်သူမှ မငြင်းဆန်နိုင်ကြပဲ အသီးသီး ကိုယ်စီကိုယ်ငှ စိတ်ကလေး ဆွဲဆောင်ရာ ဆွဲခေါ်ရာ နောက်သို့ လိုက်ပါနေကြပါတယ်။

ပရိသတ်။

"အရှင်ဘုရား"

တန့်ကြည့်တောင် ဆရာတော်ကိုလည်း ဒီကမ္မဋ္ဌာန်းဌာန ရောက်အောင် ဘယ်သူက ဆွဲခေါ် လာတာလဲ။

"စိတ်က ဆွဲခေါ်လာတာပါ ဘုရား"

ငါ ကျန်းမာပြီ၊ ငါ ကျန်းမာပြီ။ ငါ့ ကိုတောင့်တနေကြတယ်။ မျှော်ခေါ်ပြီးတော့ နေကြတယ်။ စောင့်ဆိုင်းနေကြတယ်။ သွားမယ်၊ သွားမယ်၊ သွားမယ်။ သွားချင်တဲ့စိတ်ကလေး တစ်ခုက ဘုန်းကြီးကို ခေါ်ဆောင်လာတယ်။

## ၂။စိတ်စေစားရာ ရှန်းမဖယ်သာ

မနစ်ကတော့ ဘုန်းကြီး နေမကောင်းဘူး။ ဘယ်မှလဲ မသွားချင်ဘူး။ ဘယ်သူနဲ့မှလည်း မတွေ့ချင်ဘူး။ အစားအစာလည်း မစားချင်ဘူး။ အိပ်လို့လဲ မရဘူး။ ရေလည်း မသောက်ချင်ဘူး။ ရေလည်း မချိုးချင် ဘူး။ ခန္ဓာအိမ်တစ်ခုလုံး စိတ်ဓာတ်တက်ကြွတာ ဘာမှမရှိဘူး။ အကုန်လုံး စိတ်ဓါတ်တွေ ကျနေပြီ။ ညှိုးခြောက်နေတယ်။ အခုကျတော့ စားလို့လည်း စားလို့ရ၊ အိပ်လို့လည်း အိပ်လို့ရ။

ပရိသတ်။

"အရှင်ဘုရား"

ရုပ်က ကျန်းမာတော့ စိတ်ကလည်း ပါလာတာပဲ။

'ဟော၊ ဟော၊ ဟော။ မင်းကျန်းမာပြီ။ ကျန်းမာပြီ။ ဟောနိုင်တယ်၊ ဟောနိုင်တယ်။ ဟော၊ ဟော၊ ဟော '။

ဘယ်သူတိုက်တွန်းတာတုံး။

" စိတ်က တိုက်တွန်းတာပါ ဘုရား "

စိတ်ကတိုက်တွန်းတော့ ဟောဒီ ပါးစပ် အထက်နှုတ်ခမ်းနဲ့ အောက်နှုတ်ခမ်းက လှုပ်နေတာပဲ။ ဘယ်သူက ခိုင်းတာတုံး။

" စိတ်က ခိုင်းတာပါ ဘုရား "

စိတ်က ခိုင်းရာနောက်သို့ တကောက်ကောက် လိုက်နေရတယ်။ ဒီ ဘုန်းကြီးလေ။

ပရိသတ်။

" အရှင်ဘုရား "

စိတ်ကောင်းတွေက ခေါ်ဆောင်လာရင် စိတ်ကောင်းလေး ခေါ်ဆောင်ရာ နောက်သို့ ကောင်းသော အကြံအစည်တွေ ကောင်းသော အတွေးအခေါ်တွေ ဖြစ်မလား မဖြစ်ဘူးလား။

" ဖြစ်မှာပါ ဘုရား "

မကောင်းစိတ်ကလေးက ခေါ်ဆောင်သွားပြီး စိတ်ယုတ်၊ ယုတ်ညံ့တဲ့စိတ်က ခေါ်ဆောင်သွားပြီ ဆိုလို့ ရှိရင်ဖြင့် မကောင်းသော အတွေးအခေါ် အကြံအစည်တွေ ဖြစ်သလား မဖြစ်ဘူးလား။

" ဖြစ်မှာပါ ဘုရား "

အဲဒီကံတွေ ဖြစ်သည်။ မကောင်းသောစိတ် ခေါ်ဆောင်သွားရင် မကောင်းတဲ့ ကာယကံမှု၊ မကောင်းတဲ့ ဝစီကံမှု၊ မကောင်းတဲ့ မနောကံ အကြံအစည်တွေ ဖြစ်ပေါ်လာတယ်။ ကောင်းသော စိတ်ကလေးက ဆွဲခေါ်သွားပြီ ဆိုလို့ရှိရင် ကောင်းသောကာယကံ ကိုယ်အလုပ်တွေ၊ ကောင်းသော ဝစီကံ နှုတ်အလုပ်တွေ၊ ကောင်းသော မနောကံ စိတ်အကြံအစည်တွေ ဖြစ်ပေါ်မလာဘူးလား။

" ဖြစ်ပေါ်လာပါသည် ဘုရား "

ဖြစ်ပေါ်တယ်။

## ၃။စိတ်ညစ်မဲလျှင် ဆင်းရဲဝင်မည်

ပရိသတ်။

" အရှင်ဘုရား "

စိတ်ညစ်မဲတွေ ဖြစ်ပေါ်လာလို့ ရှိရင်ဖြင့် ဘာဖြစ်တုံး။

" ဆင်းရဲဝင်ပါသည် ဘုရား "

စိတ်ညစ်မဲမှုတွေ ဖြစ်လာပြီ။ ကာယကံ ဆင်းရဲမှုတွေ ဖြစ်လာပြီ။ ဝစီကံ ဆင်းရဲမှုတွေ ဖြစ်လာပြီ။ မနောကံ ဆင်းရဲမှုတွေ ဖြစ်လာပြီ။

ပရိသတ်။

" မှန်လှပါ ဘုရား "

စိတ်ညစ်မဲလျှင် ဆင်းရဲဝင် ဖြူလျှင်ချမ်းသာသည်။

စိတ်ညစ် စိတ်မဲတွေ ဝင်လာပြီ ဆိုလို့ရှိရင် ကာယကံ ဆင်းရဲမှု၊ ဝစီကံ ဆင်းရဲမှု၊ မနောကံ ဆင်းရဲမှု တွေ ဖြစ်သလား မဖြစ်ဘူးလား။

" ဖြစ်ပါသည် အရှင်ဘုရား "

ကာယကံ ဆင်းရဲတဲ့ အလုပ်တွေ၊ ဝစီကံ ဆင်းရဲတဲ့ အလုပ်တွေ၊ မနောကံ ဆင်းရဲတဲ့ အလုပ်တွေ လုပ်သလား မလုပ်ဘူးလား။

" လုပ်ပါသည် အရှင်ဘုရား "

စိတ်ကလေးက ဖြူစင်လာပြီ။ ဖြူစင်သန့်ရှင်းတဲ့ စိတ်ကလေးက ခေါ်ဆောင်လာပြီ ဆိုလို့ရှိရင် ကာယကံအလုပ်တွေ ဖြူစင်လာပြီ၊ ကောင်းသော အလုပ်တွေ လုပ်လာပြီ။ ဝစီကံ အပြောတွေ ဝစီကံ အလုပ်တွေက ဖြူစင်လာပြီ၊ ကောင်းသောစကားတွေ ပြောဆိုလာပြီ။ မနောကံ အလုပ်တွေက လုပ်လာပြီ၊ မနောကံ အကြံအစည်တွေ ကောင်းတဲ့ ဖြူစင်တဲ့ အကြံအစည်တွေ ဖြစ်ပေါ်လာပြီ။

ပရိသတ်

" အရှင်ဘုရား "

အဲဒီ စိတ်ကလေး ထိန်းရတာ လွယ်သလား ခက်သလား။

" ခက်ပါသည် ဘုရား "

ဘယ်လောက်ခက်တုံး

" ပြောမပြနိုင်လောက်အောင် ခက်ပါသည် ဘုရား "

### ၄။မြန်လွန်းသည့်အတွက် ဆုံးမခက်၏

ဒုန္နိဂ္ဂဟဿ လဟုနော၊ ယတ္ထ ကာမ နိပါတိနော။
စိတ္တဿ ဒမထော သာဓု၊ စိတ္တံ ဒန္တံ သုခါဝဟံ။
( ဓမ္မပဒ၊ စိတ္တဝဂ် )

ဘိက္ခဝေ- ရဟန်းတို့။ ဘိက္ခဝေ- အို ချစ်သား ချစ်သမီးတို့။

ဒုန္နိဂ္ဂဟဿ- အလွန်နှိမ်နိုင်ခဲလှစွာသော။ ဒုန္နိဂ္ဂဟဿ- အလွန့်အလွန် အနိမ်ရခက်လှစွာသော။

လဟုနော- လျင်မြန်သောဖြစ်ခြင်း ချုပ်ခြင်းလည်းရှိထသော။

ယတ္ထ ကာမ နိပါတိနော- အကြင် အလိုရှိရာ ကာမ အာရုံ၌ ကျရောက်ကျက်စားလေ့ရှိထသော။

စိတ္တာသ- စိတ်ကို။ စိတ္တာသ- ဟိုတွေးဒီတွေးဟိုကြံဒီကြံ ကြံစည်စဉ်းစား စိတ်ကူးနေတဲ့ စိတ်ရိုင်း စိတ်ယုတ်မာကို။

ဒမထော- ဆုံးမခြင်းသည်။ ဒမထော- သမထဘာဝနာ ဝိပဿနာဘာဝနာဖြင့် ဆုံးမခြင်းသည်။ ဒမထော- သမထကြိမ်လုံး ဝိပဿနာကြိမ်လုံးဖြင့် ဆုံးမခြင်းသည်။

သာဓု- ကောင်းလှ ပါပေ၏။

ဒန္တံ- သမထဘာဝနာကြိမ်လုံး ဝိပဿနာဘာဝနာကြိမ်လုံးဖြင့် အဖန်ဖန်ဆုံးမခြင်းကြောင့် အညစ်အကြေးကင်း သန့်ရှင်းစင်ကြယ်နေသော။

စိတ္တံ- ဖြူစင်သန့်ရှင်းသော စိတ်ကလေးသည်။

သုခါဝဟံ- ချမ်းသာကို ဆောင်ရွက်တတ်ပါပေ၏။ သုခါဝဟံ- နိဗ္ဗာန်ချမ်းသာကို ဆောင်ရွက်တတ်ပါပေ၏။ သုခါဝဟံ- လူချမ်းသာ နတ်ချမ်းသာ နိဗ္ဗာန်ချမ်းသာကို ဆောင်ရွက်တတ်ပါပေ၏။ သုခါဝဟံ- ဝိပဿနာချမ်းသာ ဈာန်ချမ်းသာ လူချမ်းသာ နတ်ချမ်းသာနိဗ္ဗာန်ချမ်းသာ ကို ဆောင်ရွက်နိုင် ပါပေသတည်း။

( သာဓု သာဓု သာဓုပါ အရှင်ဘုရား )

ဒီစိတ်ကလေးကို ဆုံးမထားရင် ကောင်းတယ်တဲ့ ဘုရားက။

စိတ္တာသ- စိတ်ကို။ ဟိုတွေးဒီတွေး ဟိုကြံဒီကြံ ကြံစည်စဉ်းစား စိတ်ကူး နေတတ်တဲ့ စိတ်ကို။ စိတ္တာသ- စိတ်ရိုင်း စိတ်ယုတ်မာကို။

ဒမထော- ဆုံးမခြင်းသည်။

သာဓု- ကောင်းလှပါပေ၏။

ပရိသတ်။

" အရှင်ဘုရား "

ဆုံးမရင် ကောင်းတယ် တဲ့။

" မှန်လှပါ ဘုရား "

ဒုန္နိဂ္ဂဟာသ- အလွန့် အလွန် အနိမ်ရစက်လှစွာသော။

လဟုနော- လျင်မြန်သောဖြစ်ခြင်းချုပ်ခြင်းလည်း ရှိစွာထသော။

ယတ္ထ ကာမ နိပါတိနော- သူကျလိုရာ ကာမအာရုံ၌ ကျရောက် ကျက်စားလေ့ ရှိစွာထသော။

ပရိသတ်။

" အရှင်ဘုရား "

ဒီစိတ်က မျက်နှာမလိုက်ဘူး။ သူကျချင်ရာ ကျတာ။ မတော်တာ မတရားတာလည်း သူ မစဉ်းစားဘူး။ သူ ကျက်စားချင်ရာ လျှောက်ကျက်စားတာပဲ။ ဒါ မတော်ဘူး မတော်ဘူး။ မကျက်စားနဲ့ မကျက်စားနဲ့ ဆိုကော ရရဲ့လား။

" မရပါဘုရား "

ယတ္ထ ကာမ နိပါတိနော- သူကျလိုရာ ကာမအာရုံ၌ ကျရောက် ကျက်စားလေ့ရှိထသော။

စိတ္တာသ- စိတ်ကို။ စိတ္တာသ- ဟိုတွေးဒီတွေး ဟိုကြံဒီကြံ ကြံစည်စဉ်းစား စိတ်ကူးတတ်တဲ့စိတ်ကို။ စိတ္တာသ- စိတ်ရိုင်းစိတ်ယုတ်မာကို။

ဒမထော- ဆုံးမခြင်းသည်။ ဒမထော- သမထကြိမ်လုံး သတိပဋ္ဌာန်ဝိပဿနာကြိမ်လုံးခြင့် ဆုံးမခြင်းသည်။

သာဓု- ကောင်းမြတ်လှပါပေ၏။

## ၅။ယဥ်ကျေးအောင် ဘယ်လိုဆုံးမရမလဲ

ပရိသတ်။

" အရှင်ဘုရား "

ဘာနဲ့ ဆုံးမရ မတုံး။

" ဝိပဿနာ ကြိမ်လုံးနဲ့ပါ ဘုရား "

သတိပဋ္ဌာန် ကြိမ်လုံး ဝိပဿနာ ကြိမ်လုံးနဲ့ ဆုံးမရမယ်။

ပရိသတ်။

" အရှင်ဘုရား "

ဆင်၊ ကြမ်းတဲ့ဆင်။ ယဥ်ကျေးလာအောင် ဘာနဲ့ ဆုံးမရမတုံး။

" ချွန်းနဲ့ပါ ဘုရား "

ချွန်းနဲ့ ဆုံးမရတယ်။ မြင်းတွေ၊ ရိုင်းတဲ့ မြင်းတွေ ယဥ်ကျေးလာအောင် ဘာနဲ့ ဆုံးမရမတုံး။

" ကြာပွတ်နဲ့ပါ ဘုရား "

ကြာပွတ်နဲ့ ဆုံးမရတယ်။ ရိုင်းတဲ့နွား။ အလိုရှိသလို ခိုင်းလို့ရအောင် နွားကိုဆုံးမတဲ့ အခါ ဘာနဲ့ ဆုံးမ ရမတုံး။

" ကြိမ်လုံးနဲ့ ဆုံးမရပါမယ် ဘုရား "

နကန်နဲ့ (နှင်တံ) နဲ့။ သူ့ နေရာနဲ့သူ။ နွားကို ဆုံးမတဲ့အခါ မောင်းတဲ့အခါ နှင်တံနဲ့(တပြာ) နဲ့ ဆုံးမ ရတယ်။ မြင်းကိုကျတော့ ကော။

" ကြာပွတ်နဲ့ပါ ဘုရား "

ကြာပွတ်နဲ့ ကြိမ်ဆုံးနဲ့ ဆုံးမရတယ်။ ဆင်ကျတော့ကော။

" ချွန်းနဲ့ပါ ဘုရား "

ချွန်းနဲ့ ဆုံးမရတယ်။

လူ ယဥ်ကျေးလာအောင် ဘာနဲ့ ဆုံးမရမတုံး။

" သတိပဋ္ဌာန် ဝိပဿနာ တရားတော်နဲ့ပါ ဘုရား "

လူကို ယဥ်ကျေးလာအောင် ဘာနဲ့ ဆုံးမရမတုံး။ လူကိုယဥ်ကျေးအောင် ဆုံးမရတာက 'ဓမ္မ ' ပရိသတ်။

" အရှင်ဘုရား "

လူကို ယဥ်ကျေးအောင် ဆုံးမရတာက ဘာလဲ။

" ဓမ္မပါ ဘုရား "

ဘာ ဓမ္မ တုံး။

" တရားဓမ္မပါ ဘုရား "

အမယ်၊ သတိပဋ္ဌာန်ဓမ္မ၊ ဝိပဿနာဓမ္မနဲ့ ဆုံးမရတယ် ပရိသတ်ရဲ့၊ သိလား။

" မှန်ပါ ဘုရား "

ဆင်တွေ ယဥ်ကျေးအောင်၊ လူသားက အသုံးချလို့ရအောင် ဆုံးမရတာက ချွန်း။ မြင်းကို လူသား အသုံးချလို့ရအောင် ဆုံးမရတာက ကြာပွတ်။ နွားကို ယဥ်ကျေးအောင်

လူသားတွေ အသုံးချလို့ရအောင် ဆုံးမ ရတာက နင်တံ(တပြာ)။ အညာက မကွေးတိုင်းက နကန် တဲ့။ နင်တံကို နကန် လို့ခေါ်တယ်။

ပရိသတ်။

" အရှင်ဘုရား "

လူကို ဆုံးမတာက ဘာတုံး။

" ဓမ္မပါ ဘုရား "

ဓမ္မက ဘာဓမ္မတုံး။

" သတိပဋ္ဌာန်ဓမ္မ ဝိပဿနာဓမ္မပါ ဘုရား "

သတိပဋ္ဌာန်ဓမ္မ၊ ဝိပဿနာဓမ္မ။

ကဲဆို-

**စိတ်ရဲ့သဘော**

နိမ့်နိုင်ခဲစွာ့၊ လျင်မြန်လှ၍
သူကျလိုရာ၊ ကျတတ်ပါသည့်
ဝိညာဏသွမ်း၊ စိတ်သရမ်းကို
စောင့်ဖမ်းရှုရေး၊ ဆုံးမပေးက
ယဉ်ကျေးလိမ္မာ၊ သူဖြစ်လာသော်
ချမ်းသာ ဆောင်တတ်ပါပေသတည်း။

'နိမ့်နိုင်ခဲစွာ့' ဆိုတာ ကိုယ်ကိုယ်ကို နိမ့်ဖို့၊ ဆုံးမဖို့ အလွန်ခက်တယ်။ နိမ့်လေ သူက သောင်းကျန်း လေပဲ။ 'နိမ့်နိုင်ခဲစွာ့၊ လျင်မြန်လှ၍' တဲ့။ အဖြစ်အချုပ်ကလည်း မြန်လိုက်တာ။ လှစ်ခနဲ လှစ်ခနဲပဲ။

ပရိသတ်။

" အရှင်ဘုရား "

လျှပ်တစ်ပြက် မျက်စိတစ်မှိတ်ကလေးကို ကုဋေတစ်သိန်းမက စိတ်ဆိုတာ ဖြစ်ချုပ်ရှိတယ် တဲ့။ ဒီတော့ မမြန်လွန်းဘူးလား။ ဒီလောက်လျင်မြန်တဲ့ စိတ်ကို ဆုံးမဖို့ ခက်သလား မခက်ဘူးလား။

" ခက်ပါသည် ဘုရား "

အနိမ်ရ အဆုံးမရ အလွန်ခက်တယ်။ ဖြစ်ခြင်း ချုပ်ခြင်းကလည်း အလွန်လျင်မြန်တယ်။ ပြီးတော့ သူကြံချင်ရာကြံ၊ သူတွေးချင်ရာတွေး။ တော်တာကော မတော်တာကော အကုန်လုံး သူက လျှောက်ရောက် နေတာ။

နိမ့်နိုင်ခဲစွာ့၊ လျင်မြန်လှ၍
သူကျလိုရာ၊ ကျတတ်ပါသည့်
ဝိညာဏသွမ်း၊ စိတ်သရမ်းကို။

' သွမ်း ' တယ်ဆိုတာ ဟောတယ်။ ရမ်းတယ်ဆိုတဲ့ အဓိပ္ပါယ်ကို သွမ်းလို့ပြောတာ။

ပရိသတ်။

" အရှင်ဘုရား "

နင်တို့ စိတ်ကူးတာတွေ အကုန်လုံး ဘူပြောလို့ ဖြစ်ကဲ့လား။

" မဖြစ်ပါ ဘုရား "

ကိုယ့်စိတ်ထဲ ကြံ့စည်စဥ်းစား စိတ်ကူးတာတွေကို အကုန်လုံး လူပြောလို့ တော်ရဲ့လား

" မတော်ပါ ဘုရား "

ကိုယ်ကြံ့စည် စဥ်းစား စိတ်ကူးတဲ့ အကြောင်းအရာတွေ ကောင်းတာလေးက နည်းနည်း၊ မကောင်း တာက များများ။ တော်တာလေးက နည်းနည်း၊ မတော်တာက များများ။ ပရိသတ် မှန်ရဲ့လား။

" မှန်ပါသည် ဘုရား "

ဝိညာဏသွမ်း၊ စိတ်သရမ်းကို

စောင့်ဖမ်းရှုရေး၊ ဆုံးမပေးက။

ဝေါဟာရ ကောင်းလိုက်တာ။ ' စိတ္တသ ဒမထော သာဓု ' ဆိုတဲ့ပုဒ်ကို အဓိပ္ပါယ် ပြန်လိုက်တာ။

စိတ္တသ- စိတ်ကို (ဝါ) ဟိုတွေးဒီတွေး ဟိုကြံ့ဒီကြံ့ ကြံ့စည်စဥ်းစား စိတ်ကူးနေတဲ့

စိတ်ရိုင်းစိတ်ယုတ်မာကို။ ဒမထော- ဆုံးမခြင်းသည်။ သာဓု- ကောင်းမြတ်လှပါပေ၏။

## ၆။ စိတ်ကလေးပေါ်ရာ မလွတ်တမ်း မှတ်ပါ

အဲဒီ ဆုံးမတာကို စောင့်ဖမ်းရှုရေး ဆုံးမပေးက စိတ်ကလေးပေါ်လာပြီ။ ကြံ့စည်တယ် ကြံ့စည် တယ် ကြံ့စည်တယ်။ စဥ်းစားတယ် စဥ်းစားတယ် စဥ်းစားတယ်။ စိတ်ကူးတယ် စိတ်ကူးတယ်၊ စိတ်ကူးတယ်။

မကောင်းတဲ့စိတ် ပေါ်လာရင် အဲဒီ မကောင်းတဲ့စိတ်ကို စိုက်ပြီးသကာသ မကောင်းဘူး မကောင်းဘူး မကောင်းဘူး၊ ယုတ်မာတယ် ယုတ်မာတယ် ယုတ်မာတယ်၊ ရိုင်းစိုင်းတယ် ရိုင်းစိုင်းတယ် ရိုင်းစိုင်းတယ် မှတ်ပေးရတယ်။ ယုတ်ညံ့တဲ့ စိတ်ပေါ်လာရင် အဲဒီ ယုတ်ညံ့တဲ့စိတ်ကို ယုတ်ညံ့တယ် ယုတ်ညံ့တယ် ယုတ်ညံ့တယ်။ နိမ့်ကျတယ် နိမ့်ကျတယ် နိမ့်ကျတယ်။ မကောင်းဘူး မကောင်းဘူး မကောင်းဘူး။

မြင့်မြတ်တဲ့ စိတ်ကလေး ပေါ်လာလို့ရှိရင် မြင့်မြတ်တယ် မြင့်မြတ်တယ် မြင့်မြတ်တယ်။ ကောင်းတယ် ကောင်းတယ် ကောင်းတယ်။ အဲဒီ မြင့်မြတ်တဲ့ စိတ်ကိုလည်း မှတ်ပေးရတယ်။ ပရိသတ် ရဲ့။ အကုသိုလ်စိတ်တွေ ပေါ်လာရင် အဲဒီအကုသိုလ်စိတ်တွေ ပေါ်ရာကို မှတ်ရတယ်။ ကုသိုလ်စိတ် ပေါ်လာရင် ကုသိုလ်စိတ်ကို မှတ်ရတယ်။

ပရိသတ်။

" အရှင်ဘုရား "

လှူချင်တဲ့စိတ် ပေါ်လာရင် လှူချင်တယ် လှူချင်တယ် လှူချင်တယ်။ တန်းချင်တယ် တန်းချင်တယ် တန်းချင်တယ်။ ပေးချင်တယ် ပေးချင်တယ် ပေးချင်တယ်။ ကမ်းချင်တယ် ကမ်းချင်တယ် ကမ်းချင်တယ် မှတ်ရတယ်။

နမြောတဲ့ ဝန်တိုတဲ့ စိတ်တွေ ပေါ်လာလို့ရှိရင်လည်း နမြောတယ် နမြောတယ် နမြောတယ်။ ဝန်တိုတယ် ဝန်တိုတယ် ဝန်တိုတယ်။ မပေးချင်ဘူး မပေးချင်ဘူး မပေးချင်ဘူး။ မကောင်းတဲ့စိတ်လည်း မှတ်ရတယ်။ ဘာစိတ်ပေါ်လာလာ မှတ်ရတယ်။ အဲဒီလို မှတ်ရင်း မှတ်ရင်းနဲ့ မှတ်နိုင်သွားပြီ ဆိုလို့ရှိရင်-

ဒန္တံ- အဖန်ဖန်ရှုမှတ်ခြင်းကြောင့်၊ အဖန်ဖန်ရှုမှတ်မှု သတိပဋ္ဌာန်ကြိမ်လုံးဖြင့် ဆုံးမခြင်းကြောင့် အညစ်အကြေးကင်း သန့်ရှင်းစင်ကြယ်နေသော ယဉ်ကျေးနေသော။

စိတ္တံ- စိတ်ကလေးသည် (ဝါ) ဝိပဿနာစိတ်သည် (ဝါ) မဂ်စိတ်သည်(ဝါ) ဖိုလ်စိတ်သည်။

သုခါဝဟံ- ချမ်းသာကိုဆောင်ရွက်တတ်ပါပေ၏။

သုခါဝဟံ- နိဗ္ဗာန်ချမ်းသာကို ဆောင်ရွက်တတ်ပါပေ၏။

အဲဒီစိတ်က ဝိပဿနာစိတ်တိုင်းရှိတယ်။ ဒါနကုသိုလ်စိတ်တိုင်းရှိတယ်။ သီလကုသိုလ်စိတ်တိုင်းရှိတယ်။ အဲဒီစိတ်ကလေးက သူ့အကြောင်းကြောင့် သူ့ အကျိုးတွေ ဖြစ်နေတယ်။ ဒါ့ကြောင့်-

သုခါဝဟံ- ဝိပဿနာချမ်းသာ ဈာန်ချမ်းသာ လူချမ်းသာ နတ်ချမ်းသာ မဂ်ချမ်းသာဖိုလ်ချမ်းသာ နိဗ္ဗာန်ချမ်းသာကို ဆောင်ရွက်တတ်ပါတော့သတည်း။

( သာဓု သာဓု သာဓုပါ အရှင်ဘုရား )

ကဲဆို-

စိတ်ညစ်မဲလျှင် ဆင်းရဲဝင် ဖြူလျှင်ချမ်းသာသည်။

စိတ်ညစ်နေမယ်၊ မကောင်းတဲ့ စိတ်တွေဖြစ်နေမယ်ဆိုရင် မျက်နှာကြီးက ဘယ်လိုနေတုံး။

" မဲနေပါသည် ဘုရား "

မဲလို့ ပုပ်လို့၊ ပရိသတ်ကြီးရဲ့ မျက်နှာကြီးက တစ်ကယ့်ကို ညှိုးခြောက်ပြီးတော့ အောက်သိုးသိုးကြီး ဖြစ်နေတာ။

ပရိသတ်။

" အရှင်ဘုရား "

လူတစ်ယောက် မကောင်းတဲ့စိတ် ဝင်လာရင် မျက်နှာက ပေါ်သလား မပေါ်ဘူးလား။

" ပေါ်ပါသည် အရှင်ဘုရား "

အလွန်သိသာတယ်။ ဘယ်လောက်ပဲ ပါးစပ်က ဟန်ဆောင်နေနေ မျက်နှာက ဖေါ်ပြနေတာ။

စိတ်ညစ်မဲလျှင် ဆင်းရဲဝင် ဖြူလျှင်ချမ်းသာသည်။

စိတ်ဓါတ်က ဖြူစင်နေပြီ။ ကုသိုလ်စိတ်တွေ အဖန်ဖန်ဖြစ်နေပြီ။ ဝမ်းမြောက်တဲ့စိတ်တွေ၊ ကျေနပ်နှစ်သက်တဲ့ စိတ်တွေ ဖြစ်လာရင် မျက်နှာလေးက ဘယ်လိုနေတုံး။

" ပြုံးရွှင်နေပါသည် ဘုရား "

ငါလေ၊ ငါ စကားပြောလိုက်တာ၊ ငါလည်း ပြောပြီးရော သူ့မျက်နှာကြည့် ငါသိပါပြီ။ ပြောသလား မပြောဘူးလား။

" ပြောပါသည် ဘုရား "

မျက်နှာက အကုန်ဖေါ်ပြနေတာ ပရိသတ်။

" အရှင် ဘုရား "

ကောင်းတဲ့စိတ်ကလေးတွေ စိတ်အစဉ်မှာ တစ်ဖွားဖွား ဖြစ်ပေါ်လာပြီဆိုရင် ရုပ်ကလေးက ဘယ်လိုဖြစ်လာတုံး။

" ကြည်လင်လာပါသည် ဘုရား "

ကြည်လင်သန့်ရှင်းပြီးတော့ ဖြူစင်နေတယ်။ အရောင်တွေ တောက်ပနေတယ်။ မကောင်းတဲ့ စိတ်တွေ စိတ်အစဉ်မှာ အဖန်ဖန်ဖြစ်ပေါ်နေပြီဆိုရင် သူ့ရဲ့မျက်နှာက ဘယ့်နှယ်နေတုံး။

" မဲပုပ်နေပါသည် ဘုရား "

မျက်နှာက ညှိုးခြောက်ပြီးတော့၊ သို့မဟုတ် မဲပုပ်ပြီးတော့ နေတယ်။

စိတ်ညစ်မဲလျှင် ဆင်းရဲဝင် ဖြူလျှင်ချမ်းသာသည်။

မဲသည့်စိတ်ကို ဖြူစေလို စိတ်ကိုသိရမည်။

မဲတဲ့စိတ် ဖြစ်နေပြီ ငါ့မှာ။ မကောင်းတဲ့ စိတ်တွေ ဖြစ်နေပါပေါ့လား လို့ ကိုယ့်စိတ်ကိုယ် သိရမလား မသိရဘူးလား။

" သိရမှာပါ ဘုရား "

တစ်ဖန်၊ ငါ့မှာ ကုသိုလ်စိတ်တွေ ဖြစ်နေပါပေါ့လား။ တစ်ပါးသောပုဂ္ဂိုလ် အကျိုးစီးပွားကို ဆောင်ရွက်ချင်တယ် ဆိုတဲ့ စိတ်တွေ ငါ့မှာ တစ်ဖွားဖွား ဖြစ်ပေါ်နေတယ်။ သံဃာ ရဟန်းတွေ ဆွမ်းကပ်ချင် တဲ့စိတ်တွေ ငါ အဖန်ဖန်ဖြစ်နေတယ်။ သံဃာ ရဟန်းတွေ ဆွမ်းဖြင့် မဆင်းရဲပါစေနဲ့။ ဆွမ်းဒကာ အဖြစ်နဲ့ လှူချင်တဲ့ စိတ်တွေ ငါ့မှာ ကြံစည်စဉ်းစား စိတ်ကူးနေပါ ပေါ့လား။ ငါတို့လို ပုဂ္ဂိုလ်တွေက မလှူပဲနဲ့ သံဃာတော်တွေ ဘယ်ဆွမ်းဖြင့် ချမ်းသာပါ့မလဲ။

ဒို့လို တတ်နိုင်တဲ့ပုဂ္ဂိုလ်၊ ပြည့်စုံတဲ့ ပုဂ္ဂိုလ်ကမှ လှူနိုင်မှာပေါ့။ အဲဒီ လှူနိုင်တဲ့ ပုဂ္ဂိုလ်တွေက လှူကြမှ ဘုရားသားတော် ရဟန်းတော်များ သာမဏေများ ဆွမ်းဖြင့် ချမ်းသာမှာပေါ့။ လှူမယ် လှူမယ် လှူမယ်လို့ ဒီလိုကောင်းတဲ့စိတ်တွေ ဖြစ်ပေါ်သလား မဖြစ်ပေါ်ဘူးလား။

" ဖြစ်ပေါ်ပါသည် ဘုရား "

အဲဒီ ကောင်းတဲ့စိတ်တွေ ဖြစ်ပေါ်လာတာကို သိရမလား မသိရဘူးလား။

" သိရမှာပါ ဘုရား "

မဲသည့်စိတ်ကို ဖြူစေလို စိတ်ကိုသိရမည်။

စိတ်ကိုသိချင် ယောဂီရှင် ထင်သောသတိရှိရမည်။

စိတ်ကို သိချင်ရင် ဘာရှိရမလဲ။

" သတိရှိရပါမယ် ဘုရား "

သတိရှိရမယ်။ စကားပြောတော့မယ် ဆိုရင် သတိပြုပြီးသကာလ လေကလေးကို တစ်မိနစ် နှစ်မိနစ် သုံးမိနစ်လောက် နှလုံးသွင်းလိုက်၊ ရှူရှိုက်လိုက်။ ရှူရှိုက်လို့ လေကလေးမိသွားပြီဆိုရင် စိတ်ကလေးက ဖြူစင်သန့်ရှင်းသွားတယ်။

အဲဒီအခါမှာ မိမိပြောမယ့်စကား နှလုံးသွင်းလိုက်။ ပြောသင့်တဲ့ စကားဆိုရင် စိတ်က ပြော ပြော ပြောလို့ တိုက်တွန်းလိုက်။ မပြောသင့်တဲ့ စကားဆိုရင် မပြောနဲ့ မပြောနဲ့ မပြောနဲ့၊ စိတ်က သူ့ဟာသူ နောက်ဆုတ်သွားတယ်။

မကောင်းတဲ့စကား ကို ပြောဆိုရင် မကောင်းတဲ့အကျိုးပေး အခံစားရတော့မယ်။ ကောင်းတဲ့စကား ပြော ပြော ပြော၊ တိုက်တွန်းပေးရင်ဖြင့် ကောင်းကျိုးတွေပေး ခံစားရတော့မယ်။ အောင်မြင်မယ်လို့ တရား အရင်မှတ်ပြီးတော့ ဝင်လေကလေး ရှူရှိုက်ပြီး စကားပြောလို့ ရှိရင် အမှန်ဘက်မှာ ယိမ်းပြီးတော့ သွားသည်။ အမှားဘက်မှာ မသွားပဲနဲ့၊ အမှား အလုပ်ကို နောက်ဆုတ်သည်။ ဘာကြောင့်တုံး ဆိုတာ သတိပဋ္ဌာန် ကြောင့်တဲ့။

မဲသည့်စိတ်ကို ဖြူစေလို စိတ်ကိုသိရမည်။

စိတ်ကိုသိချင် ယောဂီရှင် ထင်သောသတိရှိရမည်။

သတိသမ္ပဇဉ် မပြတ်ယှဉ် နေ့စဉ်မှတ်ရမည်။

နေ့စဉ်မှတ်ပေး စိတ်အညစ်အကြေး လျှော်ဆေးပစ်ရမည်။

နေ့စဉ် နေ့စဉ် မှတ်မှတ်ပြီးတော့ စိတ်အညစ်အကြေးကို လျှော်ပစ်ရမလား မလျှော်ပစ်ရဘူးလား။

" လျှော်ပစ်ရမှာပါ ဘုရား "

ရုပ်ဝတ္ထုပစ္စည်းတွေ အညစ်အကြေးကပ်နေရင် ရုပ်နဲ့ပဲ ဆေးရတယ်။ နာမ်ခန္ဓာမှာ အညစ်အကြေး ကပ်နေရင် ဘာနဲ့ဆေးရမတုံး။

" နာမ်နဲ့ဆေးရပါမယ် ဘုရား "

နာမ်နဲ့ဆေးရတယ်။

နေ့စဉ်မှတ်ပေး စိတ်အညစ်အကြေး လျှော်ဆေးပစ်ရမည်။

ညစ်ကြေးစင်မှ နိဗ္ဗာန မုချဆိုက်ရောက်မည်။

## ၇။စိတ်ကိုသိချင် သတိယှဉ်

စိတ်အညစ်အကြေးတွေ ကင်းစင်သွားမှ နိဗ္ဗာန(နိဗ္ဗာန်) ဆိုတဲ့ အငြိမ်းဓာတ် အအေးဓာတ်တွေ ရမလား မရဘူးလား။

" ရမှာပါ ဘုရား "

ဝိပဿနာရေးနဲ့ အာရုံနဲ့ မှတ်စိတ်တည့်နေအောင် ဒလစပ် ဆက်ကာ ဆက်ကာ မှတ်နေရတယ်။

►မျက်စိက မြင်ရင် မြင်တယ်မြင်တယ်၊ မြင်သိပျက် မြင်သိပျက်၊ မြင်တာ ငါမဟုတ်၊ နာမ်နှင့်ရုပ် သူ့သဘောသူ အနတ္တာ။

►နားက ကြားရင်၊ ကြားတယ် ကြားတယ်၊ ကြားသိပျက် ကြားသိပျက်၊ ကြားတာ ငါမဟုတ်၊ နာမ်နှင့်ရုပ် သူ့သဘောသူ အနတ္တာ။

►နှာခေါင်းက နမ်းရှူနေတယ်။ နံတယ် နံတယ်၊ နံသိပျက် နံသိပျက်၊ နံတာ ငါမဟုတ်၊နာမ်နှင့်ရုပ် သူ့သဘောသူ အနတ္တာ။

►လျှာကနေ စားလျှင် စားတယ် စားတယ်၊ စားသိပျက် စားသိပျက်၊ စားတာ ငါမဟုတ်နာမ်နှင့်ရုပ် သူ့သဘောသူ အနတ္တာ။

►လျှာကနေပြီးတော့ ချို ချဉ် ငန် ဖန် စပ် ခါးလို့ခေါ်တဲ့ ရသတွေ ပေါ်လာတယ်။ချိုတယ်၊ ချဉ်တယ်၊ ငန်တယ်၊ စပ်တယ်၊ ခါးတယ်လို့ မှတ်နေရတယ်။

►ကိုယ်ကာယက ထိနေတဲ့အခါမှာလည်း ထိတယ် ထိတယ်၊ သိတယ် သိတယ်၊ ထိသိပျက် ထိသိပျက်၊ ထိတာ ငါမဟုတ် နာမ်နှင့်ရုပ်သူ့သဘောသူ အနတ္တာ။

►စိတ်ကနေ ကြံစည်စဉ်းစား စိတ်ကူးပြီးနေတယ်။ ကြံတယ် ကြံတယ်၊ သိတယ် သိတယ်၊ကြံတာ ငါမဟုတ် နာမ်နှင့် ရုပ် သူ့သဘောသူ အနတ္တာ လို့-

ဤကဲ့သို့ ပစ္စုပ္ပန်တည့်တည့်က နေပြီးတော့ ပေါ်ရာပေါ်ရာသိ။ ဒွါရ ၆-ပါးနဲ့ အာရုံ ၆-ပါး တိုက်တိုင်း တိုက်တိုင်း ပေါ်ရာပေါ်ရာလေး မလွတ်တမ်း မှတ်ပြီးတော့ မိနေပြီ ဆိုရင် စိတ်အညစ်အကြေးကင်းသလား မကင်းဘူးလား။

" ကင်းပါသည် ဘုရား "

နေ့စဉ်မှတ်ပေး စိတ်အညစ်အကြေး လျှော်ဆေးပစ်ရမည်။

ညစ်ကြေးစင်မှ နိဗ္ဗာန မုချဆိုက်ရောက်မည်။

ပရိသတ်။

" အရှင်ဘုရား "

မှတ်နေတာဟာ ဘာလုပ်နေတာတုံး ဆိုတော့ စိတ်အညစ် အကြေးကို ဆေးကြောနေတာတဲ့။ တရား မှတ်နေတာဟာ ဘာလုပ်နေတာတုံး။

" စိတ်အညစ်အကြေးကို ဆေးကြောနေတာပါ ဘုရား "

အာရုံနဲ့ မှတ်စိတ်တည့်သွားပြီ။ တွေးစိတ် စဉ်းစားစိတ် လွတ်သွားပြီ၊ စိတ်အညစ်အကြေး မရှိတော့ ဘူး ပရိသတ်ရဲ့။ တွေးစိတ်စဉ်းစားစိတ် တွေဖြစ်နေရင် စိတ်အညစ်အကြေး ထဲမှာ ကျက်စားနေပြီ။

## ၈။စိတ်အညစ်အကြေး အထွေထွေ

ကာမစ္ဆန္ဒ နီဝရဏ။ ။ကာမဂုဏ် ငါးပါးကို စဉ်းစား စိတ်ကူးနေပြီ ဆိုရင် စိတ်အညစ်အကြေး ထဲမှာ ကျက်စားနေပြီ။

ဗျာပါဒ နီဝရဏ။ ။မကျေနပ်စရာတွေ၊ အားမရစရာတွေ ဒေါသ ဖြစ်စရာတွေ စိတ်ကူးနေပြီ ဆိုရင် ဗျာပါဒ နီဝရဏ တည်းဟူသော စိတ် အညစ်အကြေးထဲမှာ ကျက်စားနေပြီ။

ထိန မိဒ္ဓ နီဝရဏ။ ။စိတ်တွေက ထိုင်းနေပြီ၊ စိတ်တွေက မှိုင်းနေပြီဆိုရင် စိတ်အညစ်အကြေး ထဲမှာ ကျက်စားနေပြီ။

ဥဒ္ဒစ္စ ကုက္ကုစ္စ နီဝရဏ။ ။ဥဒ္ဒစ္စ ဆိုတာ စိတ်တွေ ပျံ့လွင့်ပြေးသွားနေတာ။ ကုက္ကုစ္စ ဆိုတာ ဟိုဟာ ဒီဟာတွေ ဖြစ်ပေါ်လာတာ။ အဲဒီလို ဥဒ္ဒစ္စ ကုက္ကုစ္စ နယ်ထဲမှာ စိတ်တွေ ပြေးသွားရင် စိတ်အညစ်အကြေးထဲ မှာ ကျက်စားနေပြီ။

ဝိစိကိစ္ဆာ နီဝရဏ။ ။သို့လော သို့လော တွေးတော ယုံမှားနေပြီဆိုရင် စိတ်အညစ်အကြေးထဲ မှာ ကျက်စားနေပြီ။

ပရိသတ်။

" အရှင်ဘုရား "

အဲဒီ နီဝရဏ ငါးပါးနယ်က လွတ်သွားပြီ၊ အာရုံနဲ့ မှတ်စိတ်တည့်နေပြီ။ တွေးစိတ် စဉ်းစားစိတ် လွတ်သွားပြီဆိုရင် ထိုအခိုက်မှာ ဘာဖြစ်တုံး။ စိတ်အညစ်အကြေး ကင်းနေပြီ။ ပရိသတ်။ အဲဒီ စိတ်အညစ် အကြေးကင်းတဲ့ မဂ်က ဘာမဂ်လဲဆိုတော့ ဝိပဿနာမဂ်။ ဘာ မဂ်တုံး။

" ဝိပဿနာ မဂ်ပါဘုရား "

အာရုံနဲ့မှတ်စိတ် တည့်ကာ၊ မှတ်ရာမှတ်ရာလေး မိမိပြီးတော့ နေတာ။

♦ မြင်သိခိုက် မြင်သိခိုက် မိနေတယ်။

♦ ကြားသိခိုက် ကြားသိခိုက် မိနေတယ်။

♦ နံသိခိုက် နံသိခိုက် မိနေတယ်။

♦ စားသိခိုက် စားသိခိုက် မိနေတယ်။

♦ ထိသိခိုက် ထိသိခိုက် မိနေတယ်။

♦ ကြံသိခိုက် ကြံသိခိုက် မိနေတယ်။

ဤကဲ့သို့ ပစ္စုပ္ပန်တည့်တည့်က အာရုံနဲ့ မှတ်စိတ် တည့်အောင် မှတ်နေတဲ့ ယောဂီပုဂ္ဂိုလ် ဆိုလို့ရှိရင် စိတ်အစဉ်မှာ အညစ်အကြေး ကင်းသလား မကင်းဘူးလား။

" ကင်းပါသည် ဘုရား "

အဲဒီ အညစ်အကြေးကင်းတဲ့ ဝိပဿနာ စိတ်ဟာ ဝိပဿနာမဂ်။ အဲဒီ ဝိပဿနာမဂ် အထက် အထွတ်အထိပ် ရောက်သွားပြီဆိုရင် ဟိုဘက်ကအရိယမဂ်။ အရိယမဂ် တစ်ကြိမ်ကျပြီးတဲ့နောက်၊ နောက်က ဖိုလ်စိတ်။ ဟုတ်လား။

" မှန်ပါ အရှင်ဘုရား "

မဂ်၏ နောက်က ဘာကပ်ပါတုံး။ ဖိုလ်ဉာဏ်။ ဉာဏ်စဉ်အဆိုမှာ ဖိုလ်ဉာဏ်ခေါ်တယ်။ ဖိုလ်ဉာဏ်က တစ်ကြိမ် နှစ်ကြိမ် သုံးကြိမ် ဖြစ်တယ်။ ဝိပဿနာမဂ်က ဝိပဿနာချမ်းသာ။ အရိယမဂ်က အရိယာချမ်းသာ။ ဖိုလ်ဉာဏ်က ဖိုလ်ချမ်းသာ။

ပြန်ရေကြည်းစို့။

ဝိပဿနာချမ်းသာ မဂ်ချမ်းသာ ဖိုလ်ချမ်းသာ နိဗ္ဗာန်ချမ်းသာ ကိုဆောင်ရွက်နိုင်ပါစေတော့ သတည်း။

( သာဓု သာဓု သာဓုပါ အရှင်ဘုရား )

## ၉။ ဤသို့ဤနယ် စင်ကြယ်စေသော်

စိတ်ကြောင့်ထင်တဲ့ စိတ်အညစ်အကြေးကို ဘာနဲ့ ဆေးကြောရမလဲ။

" စိတ်နဲ့ ဆေးကြောရပါမယ် ဘုရား "

စိတ်နဲ့ ဆေးကြောမှ စင်ကြယ်တယ်။ ရေကြောင့် ထင်လာတဲ့ ရွှံ့နွံ အညစ်အကြေးကို စင်ကြယ်ချင် ရင် ဘာနဲ့ဆေးရမတုံး။ ရေနဲ့ပဲဆေးရပါမယ် ဘုရား။ မိုးတွေရွာတော့ မိုးထဲမှာ ဖြစ်သွားရတယ်။ ခြေသလုံး သာသာ ရေတွေက စိုလို့။ ရွှံ့တွေလည်း ပေလို့။ အဲဒီ ပေနေတဲ့ ရွှံ့တွေကို တစ်နေရာရာ သွားပြီးတော့ ဒီမိုးရေ နဲ့ ပဲပြန်ပြီးတော့ ဆေးတဲ့အခါ ဘာဖြစ်သွားတုံး။

" စင်ကြယ် သွားပါသည် ဘုရား "

ဒူးခေါင်းအောက် ပေနေတဲ့ ရွှံ့ အညစ်အကြေးတွေ စင်ကြယ်မသွားဘူးလား။

" စင်ကြယ်သွားပါသည် ဘုရား "

ရေကြောင့်ထင်လာတဲ့ ရွှံ့အညစ်အကြေးတွေကို စင်ကြယ်အောင် ဘာနဲ့ဆေးကြောရတုံး။

" ရေနဲ့ ဆေးကြောရပါတယ် ဘုရား "

အကုသိုလ် ခေါ်တဲ့ ' အယောနိသော မနသိကာရ ' ကြောင့် အကုသိုလ်စိတ်တွေ အဖန်ဖန်ဖြစ် ပေါ်လာတယ်။ အဲဒီ အဖန်ဖန်ဖြစ်ပေါ်နေတဲ့ အကုသိုလ်စိတ်တွေ ဝိပဿနာမဂ် ဝိပဿနာဉာဏ်နဲ့ အဖန်ဖန် ရှုမှတ်တဲ့အတွက် အာရုံနဲ့ မှတ်စိတ် တည့်လည်းသွားရော၊ တွေးစိတ် စဉ်းစားစိတ် မရှိတော့ဘူး။ အဲဒီလို တွေးစိတ် စဉ်းစားစိတ်မရှိတဲ့အခါမှာ စိတ်အစဉ်မှာ အညစ်အကြေး ကင်းသွားပြီ။ အဲဒီ စိတ်အညစ်အကြေး တွေကင်းသွားတာ ဘယ်သူ့ကြောင့်လဲ။ ဝိပဿနာကြောင့်။

အဲဒီ ဝိပဿနာမဂ် အထောက်အပံ့နဲ့ ဆက်ခါဆက်ခါ ဆက်ခါဆက်ခါ မှတ်ရင်းမှတ်ရင်းနဲ့ နောက်ဆုံး ဝိပဿနာမဂ်က သိခါပတ္တ ' ခေါင်ထိပ် ' ရောက်သွားပြီ။ ဝိပဿနာ ခေါင်ထိပ်ရဲ့ ဟိုဘက်မှာ အရိယမဂ်ရှိတယ်။ ဝိပဿနာမဂ်နဲ့ စိတ်အညစ်အကြေးကို အဖန်ဖန်ဆေးကြော။ အရိယမဂ်နဲ့ အပြီးတိုင် ဆေးကြော။

ပရိသတ်။

" အရှင်ဘုရား "

ဒဲ့ကြောင့် စိတ်ကြောင့်ထင်တဲ့ စိတ်အညစ်အကြေးကို ဘာနဲ့ ဆေးမတုံး။

" စိတ်နဲ့ ဆေးကြောရပါမယ် ဘုရား "

ဝိပဿနာရေ၊ ဝိပဿနာမဂ် တည်းဟူသော ရေ။ အရိယမဂ် တည်းဟူသော ရေတို့ဖြင့် ဆေးကြော ရမလား မဆေးကြောရဘူးလား။

" ဆေးကြောရပါမယ် ဘုရား "

ဒဲ့ကြောင့် စိတ်ကြောင့်ထင်တဲ့ စိတ်အညစ်အကြေးကို စိတ်အစဉ် ကောင်းမြတ်သန့်ရှင်းတဲ့ စိတ်အစဉ် တည်းဟူသော ရေဖြင့် ဆေးရတယ်။

♦ စိတ်ကြောင့်ထင်လစ် စိတ်အညစ်ကို စိတ်ဖြင့်သာလျှင် စင်ကြယ်ရ၏။

♦ ရေကြောင့်ထင်လစ် နွံအညစ်ကို ရေဖြင့်သာလျှင် စင်ကြယ်ရ၏။

ပရိသတ်။

" အရှင်ဘုရား "

အလွန်မတန် ကြောက်စရာကောင်းတဲ့ စိတ် ပရိသတ်တို့ရဲ့၊ သိလား။

" မှန်ပါ အရှင်ဘုရား "

## ၁၀။စကားမပြောတရားမဟော ဇီးပင်တောရကိုယ်တော်လေး

အဲဒါနဲ့ ပတ်သက်လို့ ဘုန်းကြီး ဇီးပင်တောရမှာ နေစဉ်အခါတုန်းက သပိတ်တစ်လုံး ပခုံးချိတ်၊ ရင်ဘတ်ပေါ် တင်ပြီးတော့ ဆွမ်းခံစားတယ်။ အဲဒီ အချိန်မှာ အရပ်လေးမျက်နှာက ပုဂ္ဂိုလ်တွေက ဇီးပင် တောရ ကိုယ်တော်လေး စကားလည်း မပြောပဲနဲ့၊ တစ်ရွာဝင် တစ်ရွာထွက် ဆွမ်းခံပြီးတော့ စားနေတယ် တဲ့။ တစ်ဖြေးဖြေး နာမည် ထွက်လာတယ်။ တစ်ချို့ကလည်းပဲ ကိုယ်ကြည်ညိုတဲ့ ပုဂ္ဂိုလ်ကို သာသာထိုးထိုး မို့မို့မောက်မောက် ပြောတယ်။ ဘယ်လိုပြောတုံး။ ' ဇီးပင်တောရ ကိုယ်တော်လေး တရားအားထုတ်တာ၊ ဆွမ်းခံသွား ခြေထောက် မြေမထိဘူး ' တဲ့။

ပရိသတ်။

" အရှင်ဘုရား "

ခြေထောက် မြေမထိဘူး တဲ့။ အဲ အဲဒီလို တစ်ယောက်သောသူက ပြောတော့-

' အေးဗျာ၊ တစ်ပေလောက် လွတ်နေတယ် '

ပရိသတ်။

" အရှင်ဘုရား "

ကိုယ်ကြည်ညိုတဲ့သူကို သာသာထိုးထိုး မို့မို့မောက်မောက် ပြောသလား မပြောဘူးလား။

" ပြောပါသည် ဘုရား "

ဒီဘုန်းကြီးမှာဖြင့် ဗွက်ထဲ ရှန်းနေရတယ်၊ ' ဖွပ် ' ' ဖွပ် ' နဲ့။

ပရိသတ်။

" အရှင်ဘုရား "

သူတို့က လျှောက်ပြောနေတာ။ ဘုန်းကြီးဆီ ဒီသတင်းရတော့ ဘုန်းကြီးက အသာလေး ပြုံးနေတယ်။ ဟုတ်တယ်လည်း မပြောဘူး။ မဟုတ်ဘူးလည်း မပြောဘူး။ တစ်ချို့ကလည်း လာမေးတယ်။

" အရှင်ဘုရား၊ ခြေထောက် မြေမထိဘူးဆို "

မင်းတို့ ဘယ်သူက ပြောတုံး။

" တပည့်တော် ဟိုက ဒီက ပြောတယ် "

ဟင်၊ သူတို့ ပြောချင်ရာ ပြောတာပေါ့ကွယ်။ ဒါပဲ။ မဟုတ်ဘူးလည်း မပြောဘူး။ ဟုတ်တယ်လည်း မပြောဘူး။

ပရိသတ်။

" အရှင်ဘုရား "

သူ့ဟာသူ ထင်ချင်ရာ ထင်ပေါ့။ ဟုတ်တယ်လည်း မပြောဘူး။ မဟုတ်ဘူးလည်း မပြောဘူး ဘုန်းကြီး။ စစ်ကိုင်းတောင်ရိုး ကိုယ့်ဟာကိုယ် ဒီလိုပဲ ၄၅-ရက်။ စစ်ကိုင်းတောင်ရိုး သွား၊ သွားပြီးတော့ ဒီလိုပဲ ဆွမ်းခံစား၊ အဓိဋ္ဌာန်လိုက်တယ်။ ' စကားမပြောဘူး ' လို့။

ဆွမ်းခံသွားလို့ တစ်ရက် နှစ်ရက် သုံးရက် ရှိတော့ ဘုန်းကြီးရဲ့ အမူအရာက ဒို့ပြင် ဘုန်းကြီးနဲ့မတူ။ မျက်လုံးက ဟိုမော့ဒီမော့လည်း မမော့။ စိုက်စိုက် စိုက်စိုက်နဲ့ သွား။ အိမ်လည်းပဲ တစ်အိမ်လုံးကြီးကို မော့မကြည့်ဘူး။ လေးတောင်ခန့် ကြည့်ပြီးတော့ ဒီအတိုင်း ရပ်နေတယ်။ ဆွမ်းလာ လောင်းကြတယ်။ ဘုန်းကြီး ပြန်ကြွသွားတဲ့အခါ သူတို့ တိုးတိုး တိုးတိုးနဲ့-

" ဒီဘုန်းကြီးက ဘယ်ကတုံး " တဲ့။

" မသိပါဘူး သမီးရယ် "

ဟိုကလည်း-

" ဘကြီး၊ ဒီဘုန်းကြီးက ဘယ်ကလဲ၊ ကျွန်တော် မမြင်ဖူးဘူး "

" ငါလည်း မသိပါဘူးကွာ။ မနက်ဖြန်ကျမှ ငါမေးကြည့်ပါဦးမယ် "

သူတို့ အချင်းချင်းပြောကြတယ်။ ဘုန်းကြီးက ကြားတယ်။ နောက်နေ့ကျ အဲဒီအိမ်တွေပဲ ဆွမ်းခံတယ်။ ဒကာကြီးက လေးလေးစားစား စောင့်နေတယ်။ ဘုန်းကြီးလည်းလာရော၊ အနားလာ လက်အုပ် လေးချီ ၄-တောင်ကွာလောက်က-

" အရှင်ဘုရား ဘယ်ကျောင်းကတုံး၊ ဘယ်ချောင်ကတုံး "

ပရိသတ်။

" အရှင်ဘုရား "

ဘုန်းကြီးက မလှုပ်ဘူး။

' ကြားတယ် ကြားတယ် ကြားတယ်၊ ကြားသိပျက် ကြားသိပျက်၊ ကြားတာ ငါမဟုတ် နာမ်နှင့်ရုပ်။

သူ့သဘောသူ အနတ္တ။'

ကြားတာပဲ မှတ်နေတယ်။ ရပ်တာ လေးလည်း ရပ်တယ်လို့ မှတ်နေတယ်။ သူတို့က မေးတယ်။ ဘုန်းကြီးက မလှုပ်ဘူး။

" နားမကြားရဲ့လား "

ဘုန်းကြီးလည်း မလှုပ်ဘူး။

" ဟဲ့ သမီး၊ ဒီဘုန်းကြီးက နားထိုင်းပုံ ကျတယ် "

မလှုပ်ဘူး။ ဘုန်းကြီးက သိလား။ သူတို့က အဲဒီလို မေးလာတော့ မရရအောင် မေးမယ်ဆိုတာကိုး။ ဘုန်းကြီးက ကြိုစဉ်းစားထားပြီးသား။ သူမေးတာကလည်း နည်းနည်းကြာတော့ ဘုန်းကြီးက ပြန်မယ်လို့ တစ်ခါတည်း ခြေထောက်ကလေး လှမ်းမယ်လုပ်တော့-

အရှင်ဘုရား၊ ရပ်တော်မူပါဦး " ဆိုတော့ ဘုန်းကြီးက ရပ်နေတယ်။

" ဟဲ့ သမီး၊ ကြားတယ် " တဲ့။

နည်းနည်းလေးကြာတော့ ဘုန်းကြီးက ထွက်တော့မှာကိုး။ လှည့်ပြီးတော့ ဟိုဘက်အိမ်သွားတော့ မှာကိုး။ အဲဒီတော့မှ-

" ရပ်တော်မူပါဦး ဘုရား " ဆိုပြီးတော့ သူ့သမီး ယူလာတဲ့ ပန်းကန်လေး ယူပြီးတော့ လောင်းတယ်။

" ဟဲ့ သမီး၊ ဘုန်းကြီးက ဘာမှလည်း မပါဘူး "

ဒီအတိုင်း လောင်းရတယ်။ ဘုန်းကြီး သပိတ်ထဲမှာ ကျုတ်တွေ ဘာတွေမပါပဲကိုး ပရိသတ်ရဲ့။

ပရိသတ်။

" အရှင်ဘုရား "

အဲဒါ ဒုတိယရက်။

တတိယရက် ကျတော့၊ သူက ထပ်ပြီးစမ်းတယ်။ ဟိုမှာ သူတို့အိမ်ရှေ့မှာ ထိုင်ခုံလေးတွေနဲ့ စားပွဲနဲ့၊ အဲဒီအပေါ်မှာ လက်ဘက်ရည်ကရားနဲ့။ ဒီ့ပြင်က လက်သုပ်ပုဝါ၊ ဘယာကြော်လေးတွေ ဘာလေးတွေ အကုန်လုံးပြင်လို့။ ပြင်ထားပြီးတော့ အဝတ်လေးခင်းလို့။ ဘုန်းကြီးကို စမ်းမလို့-

"အရှင်ဘုရား၊ တပည့်တော်တို့ကို ချီးမြှောက်သောအားဖြင့် ဒီထိုင်ခုံလေးပေါ် ထိုင်တော်မူပါ ဘုရား။ တပည့်တော်တို့ လှူဒါန်းအပ်သော လက်ဘက်ရည် အစရှိတဲ့ စားသောက်ဖွယ်လေးတွေလည်း အလှူခံတော်မူပါ ဘုရား"

ပရိသတ်။

" အရှင်ဘုရား "

အဲဒီ ဒကာကြီးက လျှောက်တာလေ။ ဘုန်းကြီးက မလှုပ်ဘူး။

"အရှင်ဘုရား၊ တပည့်တော်တို့ကို ချီးမြှောက်တော်မူပါဦးဘုရား။ သီတင်းသုံးတော်မူပါဦး ဘုရား။ တပည့်တော်တို့ အစောကြီးကတည်းက ကြိုးစားပြီးတော့ ချက်ပြုတ်ကြော်လှော်ထားရတာ။ အရှင်ဘုရား သည်းခံတော်မူပါ ဘုရား။ သီတင်းသုံးတော်မူပါ ဘုရား။ ဘုဉ်းပေးတော်မူပါ ဘုရား"

ပရိသတ်။

" အရှင်ဘုရား "

ကုန်စင်အောင် ပြောရရင် ဒီစကား ဒီလောက်ကြီးတော့လည်း ဆက်မပြောတော့ပါဘူး။ ဘုန်းကြီးက မလှုပ်ဘူး။ အဲဒီလို လျှောက်ရင်း လျှောက်ရင်းနဲ့ ဘုန်းကြီးက အချိန်တော်တော့ သွားမယ်လို့လည်း လှည့်လိုက်ရော၊

" ဟာ၊ အရှင်ဘုရား ရပ်တော်မူပါဦးဘုရား "

ပရိသတ်။

" အရှင်ဘုရား "

စားပွဲပေါ်မှာ ပြင်ထားတဲ့ အကြော်လေး ဘာလေးတွေ ငှက်ပျောသီးလေးတွေ ယူပြီးတော့ ဘုန်းကြီး ရဲ့ သပိတ်ထဲထည့်၊ ဘာလုပ်တယ်မှတ်လဲ။

" ဟဲ့ သမီး၊ ဒီဘုန်းကြီး ကြည့်ရတာ အဓိဋ္ဌာန်ထားပုံ ကျတယ် "

ပရိသတ်။

" အရှင်ဘုရား "

သူ့ဟာသူ တွေးနေတာနော်။

ဘုန်းကြီး မပြောဘူး။ အဲဒီလို အဲဒီလို ဘုန်းကြီးက။

စစ်ကိုင်းတောင်ရိုး ဝါးချက်ရွာ (ဝတ်ချက်ရွာ) မှာ ဆွမ်းခံတာ။ နောက်ခုနစ်ရက် ရှစ်ရက်လောက် ရှိတော့ ပရိသတ်ရေ၊ ဘုန်းကြီးသပိတ် မဆံ့ဘူး။ အပေါ်မှာလည်း ဟိုဟာတွေတင် ဒီဟာတွေတင် ဆိုတော့ အပေါ်ကလည်း မဆံ့ဘူး။ တစ်ခါတလေ ဘုန်းကြီးက လူရှင်းတဲ့နေရာ တစ်နေရာရာ စောင်းငဲ့ကြည့်ရှုပြီး တော့ ဦးဇင်းလေးတွေ ကိုရင်လေးတွေ လာတဲ့အခါ ကြည့်ပြီးတော့ နည်းနည်း ရှားပါးပုံကျတဲ့ ကိုရင်လေး တွေတွေ့ရင် လက်ရပ်ခေါ်၊ ခေါ်ပြီးတော့ ဘုန်းကြီးက ငှက်ပျောသီးလေးတွေ မုန့်လေးတွေ လောင်းလိုက် တယ်။ ကိုယ့်သပိတ်ပေါ်မှာ ဆံ့မှမဆံ့ပဲကိုး။ ၄၅-ရက် သွား အဓိဋ္ဌာန်ပြီးတော့၊ စကားမပြောပဲနဲ့ ငါဆွမ်းခံစား၊ တရားအားထုတ်မယ်လို့ ဘုန်းကြီးက ဒီလိုနှလုံးသွင်းတာ။

## ၁၁။ ရုတ်တရက်ပဲ နှုတ်ဆက်ခွဲခွါ

ပြန်မယ့်ရက် ကျတော့၊ နက်ဖန်ခါ မလာတော့ဘူးဆိုတော့ ဘုန်းကြီးက တစ်လုံးတလေ ပြောပါတယ်။

" ဒကာကြီးတို့၊ ဘုန်းကြီး နက်ဖန် မလာတော့ဘူး " ဒါပဲ။

" အရှင်ဘုရား မလာတော့ဘူးလား ဘုရား "

ထပ်မပြောဘူး။

" တပည့်တော်တို့ ချီးမြှောက်ပါဦး ဘုရား "

ထပ်မပြောဘူး။ နောက်အိမ်ကျတော့လည်း-

" ဒကာမကြီးတို့၊ ဒကာမကြီးတို့အိမ် နက်ဖန်ကျတော့ ဘုန်းကြီး မလာတော့ဘူး " ဒါပဲ။

အဲလိုနဲ့ ဘုန်းတော်ကြီးက နောက်နေ့မနက် စောစောကျတော့ သပိတ်ကလေး ထမ်းပြီးတော့ စောစောစီးစီး ကြွသွားတယ်။ ဆွမ်းဦးပုညရှင် ဘုရားကျတော့ ၇-နာရီလောက် ရှိပြီ။ အဲဒီမှာ ကိုရင်လေး နှစ်ပါးကလည်း သူတို့ဘုရားလာဖူးပြီးတော့ အပျော်အပါးပေါ့။ အဲဒီနား နီးစပ်တဲ့ ကိုရင်လေးတွေက။ ဘုရားနဲ့နီးစပ်တဲ့ ကိုရင်လေးတွေက။ ဘုန်းကြီးက သပိတ်လွယ်၊ ယပ်တောင်နဲ့၊ လက်ကတောင်ဝှေးလေးနဲ့ သွားရင်းသွားရင်းနဲ့။ ကိုရင်လေး နှစ်ပါးကလည်း ဓမ္မာရုံကြီးထဲက ပြေးထွက်လာတယ်။ ဘုန်းကြီးနဲ့ ရင်ဆိုင် မိတော့ မော့ကြည့်တယ်။ ကိုရင်လေးနှစ်ပါးက မော့ကြည့်တယ်။

## ၁၂။တရားအားထုတ်ချင်ရင် ဇီးပင်တောရသွား

" အရှင်ဘုရား ဘယ်ကတုံး " တဲ့။ " အရှင်ဘုရား ဘယ်သွားမလို့တုံး " တဲ့။

"ဘာလုပ်တာတုံး" တဲ့။

အဲလိုဆက်ကာဆက်ကာ နှစ်ပါးပြိုင်တူ မေးလာတော့ ဘုန်းကြီးက လွယ်လွယ်ပါပဲ"

' တရားအားထုတ်ဖို့ လာတာပါကွယ် ' ဆိုတော့-

" အရှင်ဘုရား၊ တရားအားထုတ်ချင်ရင် ဘယ်မှ မသွားနဲ့။ ဇီးပင်တောရ သွား " တဲ့။

"ဇီးပင်တောရ မှာ ရဟန္တာ ပေါ်နေတယ် " တဲ့။ ဒါ့ကြောင့်-

' ကောလဟာလ၊ ကြံကုန်ကြ၊ ဒေဝမနုဿာ ' တဲ့။

ကောလဟာလ ဆိုတာ လူနဲ့ နတ်က လုပ်တာတဲ့။

ဟဲ့...ပရိသတ်။

" အရှင်ဘုရား "

ကြည့်စမ်း၊ အဲဒီတုန်းက ဘုန်းတော်ကြီးက အနားကို မပေးဘူး။

♦ ရပ်ကြည့်၊ ရပ်မှတ်

♦ ရပ်ပြီးရင် ထိုင်မှတ်

♦ ထိုက်မှတ်လို့ပြီးရင် စင်္ကြံသွား

♦ စင်္ကြံသွားပြီးရင် ထိုင်မှတ်

♦ ထိုင်ပြီးရင် ရပ်မှတ်

♦ ရပ်ပြီးရင် ထိုင်မှတ်

♦ ထိုင်မှတ်လို့ပြီးရင် စင်္ကြံသွား

♦ တစ်ခါတစ်ခါ ကျောကလေးဆန့်ပြီးတော့ မှတ်နေတယ်။

အဲဒီအခါမှာ ဒကာကြီးတစ်ယောက်က ဘုန်းကြီးကို စမ်းတဲ့အနေနဲ့ ဘုန်းကြီးအနားကို လာတယ်။

" အရှင်ဘုရား၊ အရှင်ဘုရား "

ဘုန်းကြီးက မတ်တတ်၊ သူကလည်း အုတ်လှေကားထိပ်က နေပြီးတော့ အုတ်လှေကားထိပ်ကနေ လှမ်းအော်နေတယ်။

" အရှင်ဘုရား "

ဘုန်းကြီးက မထူးဘူး။ မျက်လုံးပြူးကြည့်နေတယ်။

ပရိသတ်။

" အရှင်ဘုရား "

သူက ဘာပြောတယ် မှတ်တုံး။

" အရှင်ဘုရားကလည်း စကားမပြောဘူး လို့ အဓိဋ္ဌာန်ထားပုံ ရတယ်"

တပည့်တော်ကလည်း အရှင်ဘုရား အတွက် စိုးရိမ်လို့ လာပြောတာ။ ဒီချောင်က အတော်ကြမ်းတဲ့ချောင်၊ တော်တော်တန်တန် ဘုန်းကြီး မခံနိုင်ဘူး။ ပြေးတာပဲ။ ကိုယ်တော်လည်း သတိထား ” တဲ့။

(ရယ်သံများ)

အဲဒီလို အော်သွားတယ်။ ဟုတ်တယ်။ ဘုန်းကြီး စရောက်ကတည်းက အဲဒီချောင်မှာ ဘယ်သူမှ မရှိဘူး။ ဘုန်းကြီးလည်း တစ်ပါးမှ မရှိဘူး။ ကျောင်းတွေ သော့ခတ်လို့။

## ၁၃။တစ္ဆေသရဲ ကြောက်တတ်သလား

ကျောင်းထိုင်တဲ့ ဆရာတော်ထံ သွားပြီးတော့ လျှောက်တယ်။ ဘုန်းကြီးက-

“ဆရာတော်ဘုရား၊ ရက်ပေါင်း ၄၅-ရက်လောက် တိတ်တိတ်ဆိတ်ဆိတ်ကလေး စကားမပြော၊ တရားမဟောပဲနဲ့ ကိုယ့်ဆွမ်းကိုယ် ခံစားပြီး အေးအေးချမ်းချမ်း နေချင်ပါတယ် ဘုရား။ တပည့်တော်နဲ့ သင့်တော်မယ့် ကျောင်း အဆောက်အဦးများရှိရင် ခွင့်ပြုတော်မူပါဘုရား ” လို့- လျှောက်လိုက်တော့ အဲဒီ ဆရာတော့် မျက်နှာ ဝင်းခနဲ ဖြစ်သွားတယ်။

“ အရှင်ဘုရား ကြောက်တတ်သလား ”

တပည့်တော် မကြောက်တတ်ပါဘုရား။

“ တစ္ဆေ သရဲကို ယုံသလား ”

ယုံတယ်လည်းမပြောဘူး၊ မယုံဘူးလည်း မပြောဘူး။

“ တပည့်တော်တစ်ခါမှ တစ္ဆေ သရဲ အခြောက် မခံရဖူးပါဘုရား ”

ပရိသတ်။

“ အရှင်ဘုရား ”

အခြောက်မခံရဖူးတော့ လေးလေးနက်နက် ကြောက်ပုံ့မလား။

“ မကြောက်ပါ ဘုရား ”

အဲဒီ ဆရာတော်က ဘုန်းတော်ကြီးထက် အဲဒီတုန်းက ဘုန်းတော်ကြီးက ၃၆၊ ၃၇-နှစ်လောက်။ သူက ၅၀-လောက်။ သူ့မယ်တော်ကြီးလည်း ရှိတယ်။ ထတည့်ပြီးတော့ ဖျာကလေးယူ၊ တံမြက်စည်း အကြမ်းက တစ်ခု၊ မြက်တမြက်စည်းက တစ်ခု၊ လက်ဆွဲပုံးက တစ်ခု၊ ရေချိုးတဲ့ ခွက်ကလေးက တစ်ခု၊ သောက်ရေခွက်က တစ်ခု လက်ဆွဲပုံးထဲ ထည့်ပြီး သူက ရှေ့ကကြွတယ်။ မယ်တော်ကြီးကလည်း အသာလေး နောက်ကလိုက်။ ဘုန်းကြီးက ဆရာတော်ရဲ့ နောက်က။ ဘုန်းကြီးရဲ့ နောက်ကမှ သူ့မယ်တော်ကြီး။

ပရိသတ်။

“ အရှင်ဘုရား ”

အဲဒီ ကျောင်းကလေး ဘုန်းကြီးကိုပေးလိုက်တာ။ သော့ကလေး ဖြုတ်ထည့်ပြီးတော့ သော့ကို လက်ထဲထည့်။ ဟောဒီမှာ ရေ။ ဟောဒီမှာ ပုံး။ ဟောဒီမှာ တံမြက်စည်း ဆိုချထည့် ပြီးတော့ ဘုန်းကြီးမှ သော့ မဖွင့်ရသေးဘူး သူတို့ မယ်တော်ကြီးနဲ့ သားဆိုတာ ပျောက်သွားရော။ မရှိတော့ဘူး။ ပရိသတ်။ သူတို့က အဲဒီကျောင်းကို သိပ်ကြောက်တာ။ အဲဒီ သူတို့ကျောင်းကို ဘုန်းကြီးကို ထိုးပေးတာ ပရိသတ်တို့ရဲ့။ ဘုန်းကြီးက ဘုန်းကြီးစိတ်ကို အဲဒီတုန်းက အလွတ်မပေးပဲနဲ့ တရားချည်းပဲ မှတ်။ ဂုဏ်တော်တွေ သရဇ္ဈာယ်၊ ပရိတ်တွေ ရွတ်နေတော့ ဘုန်းကြီးက ကြောက်ကဲ့လား။

“ မကြောက်ပါ ဘုရား ”

တံခါးလည်း ဖွင့်လိုက်ရော ပရိသတ်ရေ ကျောင်းထဲမှာ ရှုပ်ပွေနေတာပဲ။ သင်္ကန်းစုတ်တွေရော၊ စာအုပ်စုတ်တွေရော၊ ပွေချာရှုပ်လို့။ အနံ့ကလည်း မကောင်းတဲ့ အနံ့တွေ နံတယ်။ ကဲ- တိုတိုပြောမယ် ပရိသတ်။ ဘုန်းကြီးမရောက်ခင် သုံးလလောက်က အဲဒီအထဲမှာ ဘုန်းကြီးတစ်ပါး သေနေတာ တဲ့။

ပရိသတ်။

" အရှင်ဘုရား "

အဲဒီ သေတဲ့ဘုန်းကြီးကို သူတို့က ပုပ်မှသိတယ်။ ပုပ်တော့ အပြင်က အနံ့နံလာတော့မှ ယင်ကောင် တွေ ဘာတွေ အဝင်အထွက်ရှိခါမှ အတင်း တခါးဖွင့်ချ။ သော့တွေ ဖျက်ပြီးဝင်တော့ ဟိုဘုန်းကြီးက ကုတင် ပေါ်မှာ လည်ပင်းကြီးက အောက်ကို ဖောက်ထိုးကျလို့။ လျှာကြီးတန်းလန်းနဲ့။

ပရိသတ်။

" အရှင်ဘုရား "

ပုံတော်မူနေတာ။ အဲဒါကို သူတို့က သရဲဂုတ်ချိုးတယ် ထင်နေတာ။

## ၁၄။အထက်ဆရာကြီး အမိန့်ချလို့တဲ့

နောက်တော့၊ စုံစမ်းကြည့်တော့၊ ဘုန်းကြီးက ဘုန်းကြီး အလုပ်မလုပ်ပဲနဲ့ သူက ထွက်ရပ်ပေါက် အလုပ် လုပ်နေတယ်။ အထက်ဆရာကြီးက ' အဖြူသောက် ' လို့ အမိန့်ချလိုက်တယ်။ အထက်ဆရာကြီးက အဖြူသောက်လို့ အမိန့်ချလိုက်တော့ သူက အဖြူသောက်တာ တဲ့။

ပရိသတ်။

" အရှင်ဘုရား "

ဘုန်းကြီးတို့ ဉာဏ်ပါတဲ့ ပုဂ္ဂိုလ်သာဆိုရင် အဖြူသောက်ဆိုတဲ့ အထက်ဆရာကြီး အမိန့်ချရင် ဘာသောက်မယ် ထင်တုံး။ နွားနို့သောက်မှာပေါ့။ နွားနို့သောက်တော့ ကျန်းမာပြီးတော့ အားရှိမလား မရှိဘူးလား။

" ရှိမှာပါ ဘုရား "

အခုတော့ အဖြူသောက် လို့ အမိန့်ချတာ။ ဘာသောက်တုံး။ သူ့ဟာသူ ကြိုက်လို့ သောက်တာ။ သူ့ဟာသူ။ အဲဒါ အထက်ဆရာကြီးက အမိန့်ချလိုက်တာ။ စီးကရက် သောက်တော့ တီဘီရောဂါရှိတော့ သွေးအန်တာပေါ့ ဟဲ့။ အမှန်တော့ သွေးအန်သေတာ။ အဲဒါကို သရဲဂုတ်ချိုးတယ် လို့ ထင်တယ်။ ဘုန်းကြီးက နောက်မှ သိပါတယ်။ ပရိသတ်ရဲ့။

အဲဒီ အမှိုက်တွေရှင်းရတာ တစ်နာရီလောက် ရှင်းရတယ်။ ကျောင်းထဲမှာ ပေနေတာတွေ တစ်ခါတည်း တိုက် ပြု ရေဆေး။ တစ်နာရီလောက်လည်း ဆေးပြီးရော ကျောင်းလေးက သန့်ရှင်းသွားတယ်။

## ၁၅။မင်းနဲ့ငါက မိတ်ဆွေတွေ

ကျောင်းရဲ့ အောက်ထပ် လှေကားကြီးကလည်း ဆင်းလိုက်ရော၊ မြွေကြီးက ခေါင်းထောင်ပြီး ဘုန်းကြီးကို ကြည့်နေတယ်။ လက်မောင်းလောက်ရှိတယ်။ မြွေကြီး။

ပရိသတ်။

" အရှင်ဘုရား "

မြွေကောင်း နေမှာပါ။ ဘုန်းကြီးကို ကြည့်နေတယ်။ ဘုန်းကြီးကလည်း ကြည့်နေတယ်။ ဘုန်းကြီး စိတ်ထဲက၊ စိတ်ထဲက ' ငါက မင်းရန်သူ မဟုတ်ဘူး။ မင်းကလည်း ငါ့ရန်သူ

မဟုတ်ဘူး။ မင်းကိုလည်း ငါ အန္တရာယ် မလုပ်ဘူး။ မင်းကလည်း ငါ့ကို အန္တရာယ်အလုပ်နဲ့။ မင်းနဲ့ ငါနဲ့ မိတ်ဆွေ ’

ပရိသတ်။

“ အရှင်ဘုရား ”

ပါးစပ်နဲ့ မပြောဘူး။ ဘာနဲ့ ပြောလဲ။

“ စိတ်နဲ့ ပြောတာပါ ဘုရား ”

အင်း၊ စိတ်တန်ခိုးလေ စိတ်တန်ခိုး။ မြွေကြီးက ခေါင်းထောင်ကြည့်ရာက နေပြီးတော့ ခေါင်းကလေး အောက်ချပြီးတော့ သူ့ဟာသူ သွားနေတာ။ ဒီအထဲမှာပဲ နေတာပဲ။ အောက်ထပ်မှာ။ ဘုန်းကြီးက အပေါ် ထပ်က။ သူက ဘယ်ကတုံး။

“ အောက်ထပ်ကပါ ဘုရား ”

အောက်ထပ်က။ သူနဲ့ ကိုယ်နဲ့ မိတ်ဆွေတွေ ဖြစ်နေတာ။ ဘုန်းကြီးက မေတ္တာပို့မယ်ကြံတိုင်း သူ့ကို အရင်ပို့ရတယ်။ ဘာနဲ့ပို့လဲ။ စိတ်နဲ့ပို့တာ။ စိတ်က တန်ခိုးရှိသလား၊ မရှိဘူးလား။

“ ရှိပါသည် ဘုရား ”

အဲဒါနဲ့ ဘုန်းကြီးက မြွေကြီးနဲ့ နှုတ်ဆက်ပြီး တစ်ကိုယ်လုံး ဖုံတွေဘာတွေက ပေနေတော့ ဘုန်းကြီး ရေချိုး။

ပရိသတ်။

“ အရှင်ဘုရား ”

ခေါင်းရင်း ကန်ကလေးကလည်း ၁၅-ပေ ပတ်လည် ရေကန်။ ၃-ပေလောက် ရေက ဟောက်နေ တယ်။ ကြည်စိမ်းလို့။ ခရီးပန်းတာရယ်၊ ကျောင်းသန့်ရှင်းရတဲ့ ပင်ပန်းမှုတွေနဲ့ ရေချိုးလိုက်တာ အရသာ ကို ရှိလို့။ အေးမြလို့။ တောစောင့်နတ် တောင်စောင့်နတ်တွေ မေတ္တာပို့။ ရှေးအဆက်ဆက်က နေသွားတဲ့ ဆရာတော်တွေ၊ သီတင်းသုံးသွားတဲ့ ဆရာတော်တွေ မေတ္တာပို့။ ပို့လည်း ပြီးရော၊ ဘုန်းကြီးက ပင်ပန်းတော့ အိပ်ချလိုက်တာ ည ၁၂-နာရီလောက်ကျမှ နိုးလာတယ်။ မိုးတွေက ရွာချလိုက်တာ။ အေးလွန်းလို့ ချမ်းလွန်း လို့ တုန်နေတာပဲ။

ပရိသတ်။

“ အရှင်ဘုရား ”

မိုးရွာနေတာနဲ့ ပြန်အိပ်။ မနက်ကျတော့ ရေကန်ကြည့်လိုက်တော့ ရေကန်က လျှံပြီးတော့ အမှိုက် သရိုက်တွေ အကုန်လုံး ရှင်းသွားတယ်။ ကျောင်းလေးကလည်း မိုးရေနဲ့ ဆိုတော့ သန့်ရှင်းပြီးတော့ ကောင်း လိုက်တာ။ လမ်းလျှောက်လို့ ကောင်း။ အကုန်ကောင်း။ အရသာရှိ။ အဲဒါနဲ့ ဘုန်းကြီးက မနက် ၆-နာရီ လောက်ကျတော့ ဒီအချိန် ဆွမ်းခံဖို့ သင့်ပြီဆိုတော့ သင်္ကန်းလေးရုံ၊ သပိတ်လေးလွယ်ပြီးတော့ ချောင်ထဲက ဆင်းသွားတယ်။

## ၁၆။ကိုယ်ခံပညာ ရှိပုံ ကျတယ်

အဲဒီ ခုနက သားအမိနှစ်ယောက်ရှိတဲ့ ချောင်ရှေ့က ဖြတ်သွားရတယ်။ အဲဒီ ‘သိမ်တော်ချောင် ’ တဲ့။ သားအမိ နှစ်ယောက်၊ သားဘုန်းကြီးနဲ့ မယ်တော်ကြီးနဲ့ ရပ်ပြီးတော့ ဆွမ်းလေး တစ်ပန်းကန်ပြား၊ ပဲပြုပ် လေးက လက်ဖက်ရည်ပန်းကန် နှစ်လုံးစာလောက်၊ ထန်းလျက်လေး က သုံးလေးငါးလုံး။ သားအမိ နှစ်ယောက် ရပ်ပြီးတော့ ဘုန်းကြီးကို ဆွမ်းလည်းလောင်းပြီးရော။

" ဆရာတော်လေး၊ ညက ဘာသံကြားတုံး " တဲ့။

ပရိသတ်။

" အရှင်ဘုရား "

သူတို့ စုပ်သပ်ပြီးတော့ ဒီကိုယ်တော်တော့ ညက မသက်သာဘူး။ သရဲက သူ့တော့ နှိပ်စက်ပြီလို့ ထင်မှာပေါ့။ ဘုန်းကြီးက ဆွမ်းခံဆင်းလာတော့ အိပ်ရေးကလည်း ဝ၊ ရေကလည်း ကောင်းကောင်းချိုးထား တော့ မျက်နှာလေးကလည်း ကြည်လင်နေမှာပေါ့။ ချောင်ကလေးရဲ့ အေးချမ်းမှုကို ခံစားရတော့ ဘုန်းကြီး က သိပ်ကျေနပ်နေတယ်။ ကျေနပ်တဲ့ မျက်နှာလေးက ဘယ်လို နေမယ် ထင်တုံး။

" ကြည်လင်နေမှာပါ ဘုရား "

ရွှန်းစိုနေမှာပေါ့ သိလား။ အဲ သူတို့က ဆွမ်းလောင်းပြီးမေးတယ်။

" ဆရာတော်လေး၊ ညက ဘာသံတွေများ ကြားတုံး "

တပည့်တော်တော့ တောကြက်တွေ တွန်သံပဲကြားတယ် ဘုရား။ တစ်ခြား ဘာအသံမှမကြားပါဘူး။ မိုးတွေ ဘာတွေနဲ့ ဆိုတော့။

" သြော်...အရှင်ဘုရား ချမ်းသာရဲ့လား "

" ချမ်းသာလိုက်တာများ ဘယ်လိုချမ်းသာမှန်း မသိဘူး "

ဘုန်းကြီးက ပြောပြီး ရှေ့ဆက်သွားတယ်။ သားအမိ နှစ်ယောက် ပြောကျန်ခဲ့တယ်။

' ဒီ ဘုန်းကြီးမှာ သရဲမတိုက်နိုင်တဲ့ ဘာလဲ၊ ကိုယ်ခံပညာတွေ ပါပုံကျတယ်။ သိလား။

အရင် ကိုယ်တော်က သရဲ ဂုတ်ချိုးလို့သေတာ မယ်တော်ရဲ့ '။

'ဟုတ်တယ်သားရဲ့၊ ဒီကိုယ်တော် ကြည့်ရတာ တော်တော်စွမ်းပုံ ကျတယ်။ မျက်နှာလေးကလည်း နဖပ်ပြီးတော့ စိုနေတာပဲ ' တဲ့။

ပရိသတ်။

" အရှင်ဘုရား "

၃၇-နှစ် အရွယ်ဆိုတော့ နမှာပေါ့ ဟဲ့။ ဟုတ်ကဲ့လား။

" ဟုတ်ပါသည် ဘုရား "

အခုလို ၆၉-နှစ် မျက်နှာ ကြည့်လို့ရှိရင် ဘယ့်နှယ်နေမလဲ။ အခုမျက်နှာကြီးက ဘာလဲ၊ ပါးရေတွေ တွန့်ပြီးတော့ ဘယ်လိုခေါ်မလဲ။ ဘုန်းကြီးအိုကြီးလို ရှုံ့မဲ့ မနေဘူးလား။

" မနေပါ ဘုရား "

ဟဲ့ ပရိသတ်။

" အရှင်ဘုရား "

အခုမျက်နှာက ဘုန်းကြီးအိုကြီးဆိုတော့ ရှုံ့တွမနေဘူးလား။

" မနေပါဘုရား "

ရှုံ့မဲ့မနေရင် ဘယ်လိုနေတုံး။

" နပျိုနေပါတယ် ဘုရား "

နပျိုတော့ မနေပါဘူး။ နေချင်းနေ ရွှန်းစိုနေမှာပါ ပရိသတ်။

" အရှင်ဘုရား "

အဲဒါ သိသိချင်း ဟိုဒကာကြီးက လှမ်းအော်သွားတယ်။

' ကိုယ်တော် သတိထားနော်၊ ဒီချောင်က အလွန်ကြမ်းတယ် ' တဲ့။

ပရိသတ်။

" အရှင်ဘုရား "

ဘုန်းကြီးက သတိထားတာက ဘာလဲ။

♦ ဝိပဿနာ ပွားချိန် ပွားသည်။

♦ ဂုဏ်တော် ပွားချိန် ပွားသည်။

♦ ပရိတ် ရွတ်ချိန် ရွတ်သည်။

♦ မေတ္တာ ပို့ချိန် ပို့နေသည်။

ဘယ်သူနဲ့မှ စကားမပြောဘူး။ တကယ်ကို လေးလေးနက်နက် ချမ်းသာလိုက်တာ။ အဲဒီနေရာလေး ဘုန်းကြီးက တစ်ခါတစ်ခါ အမှတ်ရလို့ သွားချင်တယ်။ အဲဒီ ဆရာတော်ကြီးလည်း အခုတော့ ပျံတော်မူပြီ။ မယ်တော်ကြီးလည်း မယ်တော်ကြီးက အရင်ကွယ်လွန်တယ်။

ပရိသတ်။

" အရှင်ဘုရား "

အဲ အနုရုဒ္ဓါချောင် ဆိုတာလည်း အဲဒီအနား ကပ်လို့။ အဲဒီ အနုရုဒ္ဓါ ဆရာတော်။ ဘာလဲ မန္တလေး နှစ်(၁၀၀)သမိုင်းကို ရေးတဲ့ ဆရာတော်။ ဆရာတော် ဦးသောဘိတ (ရွှေကိုင်းသား)။ အဲဒီ ဆရာတော်ကဆို ဘုန်းကြီး နေ့စဉ် ဘုန်းကြီးနဲ့ သူနဲ့ ဒေသနာကြား၊ ဥပုသ်ပြု၊ ဥပုသ်နေ့ ဥပုသ်နေ့မှာ ဥပုသ်ပြုတယ်။ နေ့စဉ် နေ့စဉ် ဒေသနာကြားတယ်။ အဲဒီ ဆရာတော်ဆိုရင် ဘုန်းကြီးကို အားကိုးလွန်းလို့ ပြန်မယ့်နေ့ကျတော့ ဘုန်းကြီးက သွားနှုတ်ဆက်တယ်။ အဲဒီတော့ သူက-

" အရှင်ဘုရား၊ အရှင်ဘုရား ဒီအနား နေတဲ့အတွက် တပည့်တော် အားရှိလိုက်တာ။ အရှင်ဘုရားရဲ့ အရှိန်အစော်က နည်းတာမဟုတ်ဘူး။ သိပ်အားရှိတာပဲ။ အရှင်ဘုရားများ ဆက်နေမယ်ဆိုရင် ဒီချောင်ကို တပည့်တော်တို့ သိမ်တော်ချောင် ဆရာတော်နဲ့ တိုင်ပင်ပြီးတော့ အပိုင်လှူချင်ပါတယ်ဘုရား " တဲ့။

ပရိသတ်။

" အရှင်ဘုရား "

ဒီချောင်ထဲမှာ ဘုန်းတော်ကြီးက စိတ်တန်ခိုး ကြီးထွားအောင် လုပ်ခဲ့သည်။ စိတ်ကို အတတ်နိုင်ဆုံး နိုင်အောင်ထိန်းခဲ့သည်။ ပရိသတ်ရေ၊ စိတ်ကိုနိုင်အောင် ထိန်းတဲ့အတွက် စိတ်ကို အတိုက်အခိုက် ရန်ဘေး ကင်းနေတဲ့အချိန်၊ ဂုဏ်တော်ပွားနေတဲ့အချိန်၊ မေတ္တာပို့လွှတ်နေတဲ့အချိန်၊ ဝိပဿနာဘာဝနာ ပွားနေတဲ့ အချိန်မှာ စိတ်အညစ်အကြေးရှိရဲ့လား။

" မရှိပါ ဘုရား "

အဲဒီ စိတ်အညစ်အကြေး နည်းတဲ့အတွက် ရုပ်ကလေးက ဘာဖြစ်နေတုံး။

" တည်ငြိမ်နေပါသည် ဘုရား "

ကြည်လင်သန့်ရှင်းပြီးတော့ နေတယ်။ အဲဒီ ကြည်လင်သန့်ရှင်းတဲ့ ရုပ်ကို ကြည့်ပြီးတော့ အတူနေ၊ ချောင်ချင်းကပ်နေတဲ့ ဆရာတော်တွေက အလွန်မတန် လေးစားသည်။ အလွန်မတန် ကြည်ညိုသည်။ ဘာ့ ကြောင့်တုံး။ စိတ်ကို အဖန်ဖန် သန့်ရှင်း စင်ကြယ်အောင် လုပ်နေတဲ့အတွက် မိမိခန္ဓာထဲမှာ စိတ်တန်ခိုးတွေ ကြီးထွားသလား မကြီးထွားဘူးလား။

" ကြီးထွားပါသည် ဘုရား "

စိတ်တန်ခိုးတွေ ကြီးထွားတဲ့အတွက် ဆွမ်းခံတော့ ဒကာ၊ ဒကာမတွေကလည်းပဲ မကြည်ညိုဘူးလား။

" ကြည်ညိုပါသည် ဘုရား "

မလေးစားဘူးလား။

" လေးစားပါသည် ဘုရား "

အနီးနေ ထေရ်သံဃာကြီးတွေကလည်း မကြည်ညိုဘူးလား။ မလေးစားဘူးလား။

" လေးစားပါသည် ဘုရား "

အဲဒါ ဘာကြောင့်တုံး။

" စိတ်တန်ခိုးတွေ ကြီးထွားနေလို့ပါ ဘုရား "

စိတ်အားတွေကောင်းနေလို့။ ပရိသတ် သိလား။ အဲဒီ စိတ်အားကောင်းအောင်၊ စိတ်တန်ခိုး ကြီးထွားအောင်၊ တစ်နည်းအားဖြင့် Energy တွေ အားကောင်းလာအောင်၊ စိတ်အလုပ်ကို လုပ်ရမလား မလုပ်ရဘူးလား။

" လုပ်ရမှာပါ ဘုရား "

စိတ်အလုပ်ကို ဂုဏ်တော်ဖြင့်လည်း လုပ်လို့ရတယ်။ ရသလား မရဘူးလား။

" ရပါသည် ဘုရား "

မှတ်ချက်။ ။ ဤနေရာ၌ ဆရာတော်ကြီးက တရားဟောရင်းဖြင့် ဂုဏ်တော်ပွားပုံပွားနည်း အမျိုးမျိုး ကို တစ်နည်းချင်း လက်တွေ့ ရွတ်ဆိုပွားများပြပါသည်။ အောက်တွင် အကျဉ်းမျှ ညွှန်ပြပါမည်။ (စာပြုသူ)

## ၁၇။ဂုဏ်တော် (အနုလုံ) ရွတ်ပွားပုံ

၁။ အရဟံ။
၂။ သမ္မာသမ္ဗုဒ္ဓေါ။
၃။ ဝိဇ္ဇာ စရဏ သမ္ပန္နော။
၄။ သုဂတော။
၅။ လောက ဝိဒူ။
၆။ အနုတ္တရော ပုရိသ ဒမ္မသာရထိ။
၇။ သတ္ထာ ဒေဝမနုဿာနံ။
၈။ ဗုဒ္ဓေါ။
၉။ ဘဂဝါ။

## ၁၈။ဂုဏ်တော် (ပဋိလုံ) ရွတ်ပွားပုံ

၁။ ဘဂဝါ။
၂။ ဗုဒ္ဓေါ။
၃။ သတ္ထာ ဒေဝမနုဿာနံ။
၄။ အနုတ္တရော ပုရိသ ဒမ္မသာရထိ။
၅။ လောက ဝိဒူ။
၆။ သုဂတော။
၇။ ဝိဇ္ဇာ စရဏ သမ္ပန္နော။
၈။ သမ္မာသမ္ဗုဒ္ဓေါ။
၉။ အရဟံ။

စိတ်အလုပ်ကို ဂုဏ်တော်ဖြင့်လည်း လုပ်လို့ရတယ်။ မရဘူးလား။

" ရပါသည် ဘုရား "

(ဆရာတော်ကြီး သည် ဂုဏ်တော်ပါဠိများကို ရွတ်ဆိုပြရာ၌ အမှားအယွင်းမရှိ လျင်မြန် သွက်လက် ကျွမ်းကျင်ပီသစွာ မနားတမ်း ရွတ်ဆိုပြတော်မူပါသည်။)

မမြန်ဘူးလား။

" မြန်ပါသည် ဘုရား "

အဲဒီလို မြန်အောင် အရှင်ဘုရား ဘယ်မှာလေ့ကျင့်ခဲ့တာလဲ ဆိုတော့၊ စစ်ကိုင်းတောင်ရိုး ၄၅-ရက် ရှိစဉ်က လေ့ကျင့်ခဲ့တာ။ စိတ်ကိုနိုင်အောင်ထိန်းတာ။

ပရိသတ်။

" အရှင်ဘုရား "

## ၁၉။ဂုဏ်တော် (သံကွင်းဆက်) ရွတ်ပွားပုံ

( အရဟံအစ - အရဟံအဆုံး )

♦ အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာ စရဏ သမ္ပန္နော၊ သုဂတော၊ လောက ဝိဒူ၊ အနုတ္တရော ပုရိသဒမ္မ သာရထိ၊ သတ္ထာ ဒေဝမနုဿာနံ၊ ဗုဒ္ဓေါ၊ ဘဂဝါ၊ အရဟံ။

♦ အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ။ - ။ သမ္မာသမ္ဗုဒ္ဓေါ၊ အရဟံ။

♦ အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာ စရဏ သမ္ပန္နော။ - ။ ဝိဇ္ဇာ စရဏ သမ္ပန္နော၊ သမ္မာသမ္ဗုဒ္ဓေါ၊ အရဟံ။

♦ အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာ စရဏ သမ္ပန္နော၊ သုဂတော။ - ။ သုဂတော၊ ဝိဇ္ဇာ စရဏ သမ္ပန္နော၊ သမ္မာသမ္ဗုဒ္ဓေါ၊ အရဟံ။

♦ အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာ စရဏ သမ္ပန္နော၊ သုဂတော၊ လောက ဝိဒူ။ - ။ လောက ဝိဒူ၊ သုဂတော၊ ဝိဇ္ဇာ စရဏ သမ္ပန္နော၊ သမ္မာသမ္ဗုဒ္ဓေါ၊ အရဟံ။

♦ အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာ စရဏ သမ္ပန္နော၊ သုဂတော၊ လောက ဝိဒူ၊ အနုတ္တရော ပုရိသဒမ္မ သာရထိ ။ - ။ အနုတ္တရော ပုရိသ ဒမ္မသာရထိ၊ လောက ဝိဒူ၊ သုဂတော၊ ဝိဇ္ဇာ စရဏ သမ္ပန္နော၊ သမ္မာသမ္ဗုဒ္ဓေါ၊ အရဟံ။

♦ အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာ စရဏ သမ္ပန္နော၊ သုဂတော၊ လောက ဝိဒူ၊ အနုတ္တရော ပုရိသဒမ္မ သာရထိ၊ သတ္ထာ ဒေဝမနုဿာနံ။ - ။ သတ္ထာ ဒေဝမနုဿာနံ၊ အနုတ္တရော ပုရိသဒမ္မ သာရထိ၊ လောက ဝိဒူ၊ သုဂတော၊ ဝိဇ္ဇာ စရဏ သမ္ပန္နော၊ သမ္မာသမ္ဗုဒ္ဓေါ၊ အရဟံ။

♦ အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာ စရဏ သမ္ပန္နော၊ သုဂတော၊ လောက ဝိဒူ၊ အနုတ္တရော ပုရိသဒမ္မ သာရထိ၊ သတ္ထာ ဒေဝမနုဿာနံ၊ ဗုဒ္ဓေါ။ - ။ ဗုဒ္ဓေါ၊ သတ္ထာ ဒေဝမနုဿာနံ၊ အနုတ္တရော ပုရိသဒမ္မ သာရထိ၊ လောက ဝိဒူ၊ သုဂတော၊ ဝိဇ္ဇာ စရဏ သမ္ပန္နော၊ သမ္မာသမ္ဗုဒ္ဓေါ၊ အရဟံ။

♦ အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာ စရဏ သမ္ပန္နော၊ သုဂတော၊ လောက ဝိဒူ၊ အနုတ္တရော ပုရိသဒမ္မ သာရထိ၊ သတ္ထာ ဒေဝမနုဿာနံ၊ ဗုဒ္ဓေါ၊ ဘဂဝါ။ - ။ ဘဂဝါ၊ ဗုဒ္ဓေါ၊ သတ္ထာ ဒေဝမနုဿာနံ၊ အနုတ္တရော ပုရိသဒမ္မ သာရထိ၊ လောက ဝိဒူ၊ သုဂတော၊ ဝိဇ္ဇာ စရဏ သမ္ပန္နော၊ သမ္မာသမ္ဗုဒ္ဓေါ၊ အရဟံ။

ကဲ ပရိသတ်။ မသွက်ဘူးလား။

" သွက်ပါသည် ဘုရား "

မှားကော မှားရဲ့လား။

" မမှားပါ ဘုရား "

အမှာ။ ။ ဆရာတော်ကြီး ရွတ်ဆိုပွားများပြရာ၌ အထက်ပါ ရွတ်ပွားနည်းများအပြင် ဂုဏ်တော်ကွန်ခြာ ရွတ်ပွားနည်းကိုလည်း ရွတ်ဆိုပြတော် မူပါသည်။ ဤနေရာတွင် စာမျက်နှာကို ငဲ့၍ ချန်လှပ်ခဲ့ပါသည်။ အလိုရှိပါက အဓိဋ္ဌာန်ဒေသနာ ဟောစဉ် တရားတော်များ (ပထမပိုင်း) စာအုပ်တွင် လေ့လာ ကျက်မှတ် နိုင်ပါသည်။

ဂုဏ်တော် တစ်ပါးစီ တစ်ပါးစီ အပေါ်မှာ စိတ်ကလေးက ပြေးပြေးပြီးတော့ ပါနေသည်။ ပါးစပ်က လည်း အတွင်တွင် ရွတ်ဖတ်သရဇ္ဈာယ်နေသည်။ ပါးစပ်နဲ့ စိတ်နဲ့ တွဲခနဲ တွဲခနဲ ဂုဏ်တော်ပေါ်မှာ ကပ်ပါနေသည်။ ဒီစိတ် ဘယ်ပြေးလို့ ရမတုံး။ ရရဲ့လား။

" မရပါ ဘုရား "

စိတ်ကလေးက အပြင်ထွက်လည်း ပြေးရော၊ ဘာဖြစ်တုံး။

" မှားသွားနိုင်ပါသည် ဘုရား "

ဟုတ်တယ်။ မှားသွားတယ်။

ပရိသတ်။

" အရှင်ဘုရား "

အဲဒါ စိတ်ကို ထိန်းသလား မထိန်းဘူးလား။

" ထိန်းပါသည် ဘုရား "

ပရိသတ်၊ နင်တို့ ငါ့လို နိုင်အောင် ဆိုနိုင်ပ့ါမလား။

" မဆိုနိုင်ပါ ဘုရား "

ဘာဖြစ်လို့ မဆိုနိုင်တုံး။ အလေ့အကျင့် မရှိလို့။ အဲသလို အဲသလို ဘုန်းကြီးက တောထဲတောင်ထဲ မှာ ကိုယ့်စိတ်ကို နိုင်အောင် အဖန်ဖန်ထိန်းခဲ့တဲ့ အလေ့အကျင့်တွေ ရှိခဲ့တယ် ပရိသတ်ရဲ့။

## ၂၀။ရဟန်းရှင်လူ ကြည်ဖြူလွန်ကဲ

ဒါ့ကြောင့် စိတ်တန်ခိုးတွေ ကြီးထွားပြီးတော့ အတူတူ အနီးနေတွေ၊ ဆရာတော် ဘုရားကြီးတွေက ဒီဘုန်းကြီး ငယ်တာမှားလေး ၃၆-၃၇ အရွယ်လေးကို 'ဆရာတော်ကလေး' ခေါ်ပြီးတော့ လေးစားနေကြ တယ်။ ရွာထဲက ဒကာ၊ ဒကာမ တွေကလည်း ဆွမ်းလောင်းတဲ့အခါမှာ တစ်ခြားဘုန်းကြီးနဲ့ မတူပဲနဲ့ တစ်မူ ထူးတဲ့ ဘုန်းကြီးလို့ မထင်ဘူးလား။

" ထင်ပါသည် ဘုရား "

ဘာပြုလို့ထင်တာလဲ ဆိုတော့ ဘုန်းကြီးက စိတ်တန်ခိုးတွေထွားပြီးတော့ ခန္ဓာအိမ်ကြီးက ခံ့ညား နေသည်။ ဘုရားဂုဏ်တော်တွေ အဖန်ဖန် ထုံမွှမ်းထားတဲ့အတွက် ဘုရားသခင် ကိုယ်တော်မြတ်ကြီးရဲ့ ဂုဏ် တော်တွေက ဘုန်းကြီးရဲ့ ခန္ဓာအိမ်ထဲမှာ လွှမ်းခြုံထားတဲ့ အတွက် အရှိန်အစော်တွေက ကြီးသလား မကြီးဘူးလား။

" ကြီးပါသည် ဘုရား "

ဒါ့ကြောင့် ဒကာ၊ ဒကာမ တွေကလည်း ဆွမ်းလောင်းရတာ အရသာရှိသည်။ ဘာ့ကြောင့်တုံး။ စိတ်ကို နိုင်အောင် ထိန်းထားလို့။ ဘာနဲ့ထိန်းသလဲ။ ဂုဏ်တော်နဲ့ ထိန်းတယ်။ ဝိပဿနာပွားတဲ့အခါ ပွားသည်။ ဂုဏ်တော်ပွားတဲ့ အခါ ပွားသည်။

ပရိသတ်။

" မှန်လှပါ ဘုရား "

- စိတ်ညစ်မဲလျှင် ဆင်းရဲဝင် ဖြူလျှင်ချမ်းသာသည်။
- မဲသည့်စိတ်ကို ဖြူစေလို စိတ်ကိုသိရမည်။

■ စိတ်ကိုသိချင် ယောဂီရှင် ထင်သောသတိရှိရမည်။

■ သတိသမ္ဘ မပြတ်ယှဉ် နေ့စဉ်မှတ်ရမည်။

■ နေ့စဉ်မှတ်ပေး စိတ်အညစ်အကြေး လျှော်ဆေးပစ်ရမည်။

■ ညစ်ကြေးစင်မှ ဆင်းရဲက မုချလွတ်မြောက်မည်။

■ ညစ်ကြေးစင်မှ နိဗ္ဗာန မုချဆိုက်ရောက်မည်။

အညစ်အကြေးတွေ ကင်းသွားပါမှ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတွေ ကင်းမလား မကင်းဘူးလား။

" ကင်းမှာပါ ဘုရား "

## ၂၁။မြန်လွန်းသည့်တွက် ဆုံးမခက်၏

ဒုန္နိဂ္ဂဟဿ လဟုနော၊ ယတ္ထ ကာမ နိပါတိနော။
စိတ္တဿ ဒမထော သာဓု၊ စိတ္တံ ဒန္တံ သုခါဝဟံ။

ဘိက္ခဝေ- ရဟန်းတို့။ ဘိက္ခဝေ- ချစ်သား၊ ချစ်သမီးတို့။

ဒုန္နိဂ္ဂဟဿ- အလွန်နှိမ်နိုင်ခဲလှစွာသော။ ဒုန္နိဂ္ဂဟဿ- အလွန့်အလွန် အနှိမ်ခက်လှစွာသော။

လဟုနော- လျင်မြန်စွာဖြစ်ခြင်းချုပ်ခြင်းလည်း ရှိစွာထသော။

ယတ္ထ ကာမ နိပါတိနော- အကြင်အလိုရှိရာ ကာမအာရုံ၌ ကျက်စားလေ့ ရှိထသော။

စိတ္တဿ- စိတ်ကို။ စိတ္တဿ- ဟိုတွေးဒီတွေး ဟိုကြံဒီကြံ ကြံစည်စဉ်းစား စိတ်ကူးနေတဲ့ စိတ်ရိုင်းစိတ်ယုတ်မာကို။

ဒမထော- ဆုံးမခြင်းသည်။ဒမထော- သမထဘာဝနာ ဝိပဿနာဘာဝနာဖြင့် ဆုံးမခြင်းသည်။ ဒမထော- သမထကြိမ်လုံး ဝိပဿနာကြိမ်လုံးဖြင့် ဆုံးမခြင်းသည်။

သာဓု- ကောင်းလှ ပါပေ၏။

ဘုန်းကြီးဂုဏ်တော်တွေ အဖန်ဖန် ပွားနေတာ ဘာဖြင့် ဆုံးမတာတုံး။ သမထဘာဝနာ ကြိမ်လုံးဖြင့် ဆုံးမတာ။ သတိပဋ္ဌာန် ဝိပဿနာဘာဝနာ တရားတွေ အဖန်ဖန် ပွားနေတဲ့အခါ ဘာနဲ့ ဆုံးမတာတုံး။ သတိပဋ္ဌာန် ဝိပဿနာကြိမ်လုံးဖြင့် ဆုံးမနေတာ။

ပရိသတ်။

" အရှင်ဘုရား "

ဘုရားဂုဏ်တော်တွေ အဖန်ဖန် ပွားနေတယ်။ စိတ်ကနေ ဖန်ဖန်ပွားနေတယ်။ ဘာနဲ့ ဆုံးမတုံး။ သမထကြိမ်လုံးနဲ့ ဆုံးမနေတာ။ ဝင်လေထွက်လေကို အခြေခံထားပြီးတော့ ခန္ဓာမှာ ပေါ်သမျှ ဒွါရ ၆-ပါးနဲ့ အာရုံ ၆-ပါး တိုက်တိုင်း တိုက်တိုင်း မပြတ်မလပ် သတိကပ်ပြီးတော့ မှတ်နေတာက ဘာနဲ့ ဆုံးမ တာတုံး။

" ဝိပဿနာကြိမ်လုံးနဲ့ပါ ဘုရား "

သတိပဋ္ဌာန် ဝိပဿနာကြိမ်လုံးနဲ့ ဆုံးမနေတယ် တဲ့။ ဟုတ်လား။

" မှန်ပါသည် ဘုရား "

ဘုရားဂုဏ်တော်တွေ ပွား၊ ပရိတ်မေတ္တာတွေ ပွားနေတာ သမထကြိမ်လုံးနဲ့ ဆုံးမ နေတယ်။

စိတ္တံ ဒန္တံ သုခါဝဟံ

ဒန္တံ- သမထဘာဝနာကြိမ်လုံး ဝိပဿနာဘာဝနာ ကြိမ်လုံးဖြင့် အဖန်ဖန် ဆုံးမခြင်းကြောင့် အညစ်အကြေးကင်း သန့်ရှင်းစင်ကြယ် နေသော။

စိတ္တံ- ဖြူစင်သန့်ရှင်းသော စိတ်ကလေးသည်။

သုခါဝဟံ- ချမ်းသာကို ဆောင်ရွက်တတ်ပါပေ၏။ သုခါဝဟံ- နိဗ္ဗာန်ချမ်းသာကို ဆောင်ရွက် တတ်ပါပေ၏။ သုခါဝဟံ- လူချမ်းသာ နတ်ချမ်းသာ နိဗ္ဗာန်ချမ်းသာကို ဆောင်ရွက်တတ်ပါပေ၏။ သုခါဝဟံ- ဝိပဿနာချမ်းသာ ဈာန်ချမ်းသာ လူချမ်းသာ နတ်ချမ်းသာနိဗ္ဗာန်ချမ်းသာကို ဆောင်ရွက်နိုင်ပါ ပေတော့ သတည်း။

( သာဓု သာဓု သာဓုပါ အရှင်ဘုရား )

၁၃၆၉-ခုနှစ်၊ နတ်တော်လဆန်း(၁၀)ရက်၊ ၁၉-၁၂-၂၀၀၇ (ဗုဒ္ဓဟူးနေ့)တွင် ရေးစီ ပူဇော်ပြီးပါသည်။

**စာဖတ်ပရိတ်သတ်များအား အစဉ်လေးစားလျက် .....**




MCM PDF
www.mmcybermedia.com
January - 2011

MMCYBERMEDIA
COMMUNITY FOR ALL